မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ နတ်တော်လကွယ်နေ့၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၀)၊ အမှတ် (၉၆)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲလျှင် တိုင်းတစ်ပါး၏ လွှမ်းမိုးချုပ်ကိုင်မှုအောက် ပြန်လည်ကျရောက်နိုင်

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်

ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၄

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၁ခုနှစ် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားသို့ပေးပို့သော သဝဏ်လွှာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူအပေါင်းတို့ခင်ဗျား -

ယနေ့သည် မြန်မာ့သမိုင်း၌ ထူးခြားမွန်မြတ်သည့် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ဖြစ်ပေသည်။ ဤကဲ့သို့ အဖြာဖြာသော ဂုဏ်ထူးဝိသေသနှင့် ပြည့်စုံသည့်နေ့တွင် တိုင်းရင်းသားပြည်သူအားလုံး လိုရာဆန္ဒ ပြည့်ဝကြပါစေကြောင်း ချစ်ကြည်လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာတို့သည် ရန်လိုခြင်းကင်းပြီး ငြိမ်းချမ်းစွာနေထိုင်တတ်ကြသော လူမျိုးများဖြစ်ကြပေသည်။ သို့ရာတွင် အင်အားတောင့်တင်းသော တပ်မတော်တစ်ရပ်မရှိခြင်း၊ ခေတ်မီတပ်မတော် တည်ဆောက်ရေးအတွက် ကြိုးပမ်းခဲ့သော်လည်း ကံမကောင်းအကြောင်းမလှစွာ ပြီးမြောက်အောင်မြင်မှု မရှိခဲ့ခြင်းတို့ကြောင့် ကုန်းဘောင်ခေတ်နှောင်းပိုင်းတွင် နယ်ချဲ့တို့၏ အနိုင်အထက် ပြုကျင့်မှုတို့ကို နာလိုခံခက်စွာ သည်းခံခဲ့ကြရပေသည်။

လူသားချင်း စာနာထောက်ထားမှုကင်းသော နယ်ချဲ့တို့သည် ၁၈၂၄ခုနှစ်မှ ၁၈၈၅ခုနှစ်အတွင်း သုံးကြိမ်တိုင်တိုင်စစ်ခင်းပြီး မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို သိမ်းပိုက်ခဲ့ကြပေသည်။ တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် နယ်ချဲ့ရန်ကို ဖွဲမာန်အပြည့် တွန်းလှန်ခဲ့ကြသော်ငြားလည်း အားမတန်၍ မာန်လျှော့ကာ သူ့ကျွန်ဘဝသို့ သက်ဆင်းခဲ့ကြရပေသည်။ နယ်ချဲ့တို့သည် မြန်မာနိုင်ငံကို သိမ်းပိုက်ပြီးနောက် အလွန်အမင်းဖိနှိပ်အုပ်ချုပ်သည့်အပြင် မြန်မာလူမျိုးတို့ကို လူညွန့်တုံးစေရန် စနစ်တကျစီမံဖန်တီးခဲ့ပေသည်။ ထို့ကြောင့်လည်း တိုင်းရင်းသားတို့သည် အစစအရာရာတွင် နာလန်မထူနိုင်သည့်ဘဝကို ရောက်ခဲ့ကြပေသည်။ ထို့အပြင် တိုင်းရင်းသားချင်း သွေးစည်းညီညွတ်ကြလျှင် ပြန်လည်တော်လှန်မည်ကိုစိုးသဖြင့် နယ်ချဲ့တို့က သွေးခွဲအုပ်ချုပ်ထားသောကြောင့် အချင်းချင်း သံသယပွားခဲ့ကြရပေသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူအပေါင်းတို့ခင်ဗျား -

နယ်ချဲ့လက်အောက်တွင် ပြည်သူတို့သည် ဆင်းရဲတွင်း နက်ခဲ့ကြပေသည်။ ကျွန်ပညာရေးစနစ်ကြောင့် ကျွန်သက်ရှည်လိုသူတို့လည်း ပေါ်ပေါက်ခဲ့ကြသည်။ သို့သော် ထက်မြက်သော မျိုးချစ်လူငယ်တို့သည် နိုင်ငံရေးအသိအမြင် ကြွယ်ဝလာကြပေသည်။ နယ်ချဲ့အုပ်စိုးမှုအောက်မှ လွတ်မြောက်ရေးအတွက် တောင်သူလယ်သမားနှင့် အလုပ်သမားထုကြီးများကလည်း အင်အားပြ အန်တုကာ တော်လှန်ရေးစိတ်ဓာတ်ကို အုတ်မြစ်ချပေးခဲ့ကြလေသည်။ ထို့နောက် နယ်ချဲ့ကို လက်နက်ကိုင်တော်လှန်မှသာ လွတ်လပ်ရေးရနိုင်ကြောင်း သိရှိလာသဖြင့် ပညာတတ်လူငယ်များက ကြီးစွာသော စွန့်လွှတ် စွန့်စားမှုများဖြင့်ကြိုးပမ်းပြီး တပ်မတော်ကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့ကြသည်။ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ဖက်ဆစ်စနစ်အောက်သို့ ဆိုးရွားစွာ ရောက်ခဲ့ကြပြန်ရာ တပ်မတော်သည် ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲ၍ ဖက်ဆစ်တို့ကို ပြောင်မြောက်စွာ တွန်းလှန်ခြင်းဖြင့် မြန်မာ့သွေးကို ပြခဲ့ကြပေသည်။

ဖက်ဆစ်တို့ကို မောင်းထုတ်လိုက်ပြီးနောက် နယ်ချဲ့အစိုးရ ပြန်လည်ဝင်ရောက်လာသည့်အခါ ခေါင်းဆောင်ကြီးများသည် လွတ်လပ်ရေးအတွက် နိုင်ငံရေးနည်းလမ်းဖြင့် တိုက်ပွဲဝင်ကြရပြန်ပေသည်။ အိမ်ကြက်ချင်း အိုးမဲသုတ်သည်ကို ခံထားရသောကြောင့် လွတ်လပ်ရေးကို တစ်တိုင်းတစ်ပြည်လုံး တညီတညွတ်တည်း ရယူရေးအတွက်ပင်လျှင် တိုင်းရင်းသားခေါင်းဆောင်တချို့နှင့် ညှိနှိုင်းပြီး အထူးကြိုးပမ်းခဲ့ကြရပေသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူအပေါင်းတို့ခင်ဗျား -

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ၁၉၄၈ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် လွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံကြီးအဖြစ်သို့ရောက်ရှိခဲ့ရာ ယခုအခါ (၆၃)နှစ်ရှိခဲ့ပေသည်။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ရရှိရေးအတွက် ပေးဆပ်ခဲ့ရသောတန်ဖိုးမှာ လွန်စွာကြီးမားလှပါသည်။ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဟူသည် ဆုံးရှုံးချိန်ကျမှသာ တန်ဖိုးကိုသိတတ်ကြပြီး သာမန်အချိန်တွင် အမှတ်တမဲ့ ဖြစ်တတ်ကြပေသည်။ ပထဝီနိုင်ငံရေးအရ အချက်အချာကျသော မြန်မာနိုင်ငံကို လောဘရမ္မက်ကြီးမားသော ရန်လိုသောနိုင်ငံတချို့သည် လွှမ်းမိုးချုပ်ကိုင်ရန် နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိမည်မှာ သဘာဝပင်ဖြစ်ပါသည်။ ထို့ကြောင့် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်ကြရန် လိုအပ်ပေသည်။ မြန်မာ့အကျိုးကို ပြည်ပက မည်မျှလိုလားသည်ဟု ပြောပါစေ ထိုသို့ပြောဆိုခြင်းသည် တမာကို သကာဖုံးခြင်းသာဖြစ်ပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားများကသာ နိုင်ငံတော်ကို အစစ်အမှန်ချစ်ကြသူများ ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲလျှင် တိုင်းတစ်ပါး၏ လွှမ်းမိုးချုပ်ကိုင်မှုအောက်သို့ ပြန်လည်ကျရောက်နိုင်ပါသည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်းထိန်းသိမ်းကာကွယ်ကြရန် အထူးလိုအပ်ပါသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူအပေါင်းတို့ခင်ဗျား -

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ခေတ်ကာလအမျိုးမျိုးတို့ကို ဖြတ်သန်းခဲ့ရပြီးနောက် ယခုအခါ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန်အတွက် အထွေထွေရွေးကောက်ပွဲကို ကျင်းပရာတွင် ရှေးယခင် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲများကဲ့သို့ ရွေးကောက်ပွဲဆိုင်ရာ အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ခြင်းတို့မရှိဘဲ တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းနှင့် အောင်မြင်စွာ ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် ဂုဏ်ယူဖွယ်ရာ အစဉ်အလာကောင်း ဖြစ်ပေသည်။

တပ်မတော်သည် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ယူခဲ့ရသည့်ကာလအတွင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများကို ဘက်စုံကဏ္ဍစုံ တည်ဆောက်ပေးနိုင်ခဲ့ပါသည်။ တိုင်းကျိုးပြည်ပြုတည်ဆောက်မှု အခြေခံအဆောက်အအုံများသည် ကဏ္ဍတိုင်း၌ သမိုင်းမှတ်တိုင်များအဖြစ် ထူနိုင်ခဲ့ပြီဖြစ်ပါသည်။ တပ်မတော်က ဤကဲ့သို့ ကြိုးပမ်းဆောင်ရွက်ခြင်းသည် ပြည်သူအပေါ် စေတနာကြီးမားပြီး တာဝန်ကျေပွန်သည့် တပ်မတော်၏ အစဉ်အလာဖြစ်ပေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူတို့ ရွေးကောက်တင်မြှောက်သော အစိုးရအသစ်ဖြစ်ပေါ်လာသည့်အခါ ရရှိပြီးသော အခြေခံကောင်းများဖြင့် နိုင်ငံတော်အသစ်တည်ဆောက်ရာတွင် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရပေမည်။ နိုင်ငံတော်၌ ရရှိထားပြီးဖြစ်သော တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှုနှင့် တရားဥပဒေစိုးမိုးမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီဖော်ဆောင်မှု အရှိန်အဟုန်ကို တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

ပြည်ထောင်စုဖွား တိုင်းရင်းသား ပြည်သူအပေါင်းတို့ခင်ဗျား -

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်ရာတွင် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးသည်သာ ပဓာနဖြစ်ပေသည်။ ယနေ့ကမ္ဘာပေါ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော်ငြားလည်း ပြည်ထောင်စုပြိုကွဲပြီး အချင်းချင်းစစ်ခင်းမည့် အခြေအနေဆိုးမျိုးကို ရင်ဆိုင်နေရသည့် နိုင်ငံတချို့ရှိပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် ရေ၊ မြေ၊ သယံဇာတ ပေါကြွယ်ဝခြင်း၊ ရာသီဥတုမျှတကောင်းမွန်ခြင်း၊ စားရေရိက္ခာဖူလုံခြင်း၊ ပထဝီနိုင်ငံရေးအရ အချက်အချာကျခြင်းတို့ကြောင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို တိုင်းတစ်ပါးတို့က လွှမ်းမိုးခြယ်လှယ်လိုကြမည်မှာ ဧကန်မလွဲ ဖြစ်ပေသည်။ မြန်မာနိုင်ငံကို အင်အားချည့်နဲ့သွားစေရန်အတွက် အဓိကလည်းကျ၊ တစ်ခုတည်းလည်းဖြစ်သော နည်းလမ်းမှာ ပြည်ထောင်စုပြိုကွဲရေးနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ယိုယွင်းပျက်စီးရေးပင်ဖြစ်ပေသည်။ ထိုအချက်ကို ဖော်ဆောင်ရန်အတွက် နိုင်ငံရေးသစ္စာတရား နည်းပါးသူတို့ကို အသိမဲ့သော်လည်းကောင်း၊ သိပါလျက်သော်လည်းကောင်း စည်းရုံးသိမ်းသွင်းအသုံးချကာ တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်းကို ဖျက်လိုဖျက်ဆီး ကြံစည်အားထုတ် လုပ်ဆောင်လာနိုင်ပေသည်။ ထို့ကြောင့် အမိနိုင်ငံတော်ကြီး လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို စိုးစဉ်းမျှပင် လွှမ်းမိုးချုပ်ကိုင်မှု မခံရစေရေးအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားအပေါင်းက နိုင်ငံရေးသတိကြီးစွာဖြင့် တားဆီးကာကွယ်သွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၄ ရက်)

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကမ္ဘာတည်သရွေ့ ထိန်းသိမ်းကာကွယ်

မြန်မာနိုင်ငံသည် ၁၉၄၈ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့တွင် ကိုလိုနီနယ်ချဲ့လက်အောက်မှလွတ်မြောက်ကာ အချုပ်အခြာအာဏာပိုင်သော နိုင်ငံအဖြစ် ပြန်လည်ရပ်တည်လာနိုင်ခဲ့သည်မှာ ယနေ့ဆိုလျှင် (၆၃)နှစ် ရှိပြီဖြစ်သည်။

မြန်မာတို့သည် ရှေးဘိုးဘွား အစဉ်အဆက်ကပင် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိယဉ်ကျေးမှုဖြင့် ရပ်တည်လာခဲ့ရာမှ ကိုလိုနီနယ်ချဲ့တို့၏ မတရားကျူးကျော်မှုဖြင့် သိမ်းပိုက်ခံခဲ့ရခြင်းဖြစ်သည်။ မြန်မာ တိုင်းရင်းသားတို့၏ သူ့ကျွန်မခံလိုသော မျိုးချစ်စိတ်ဖြင့် ဆုံးရှုံးခဲ့သည့် လွတ်လပ်ရေးကို ပြန်လည်တိုက်ခိုက် ရယူခဲ့ရခြင်းဖြစ်သည်။

အသက်ပေါင်းများစွာကို ရင်းနှီးပေးဆပ်ပြီး ခက်ခက်ခဲခဲ ပြန်လည်ရယူခဲ့ရသည့် မြန်မာ့လွတ်လပ်ရေး ကို တိုင်းရင်းသားပြည်သူများအားလုံးသည် တန်ဖိုးထားကြရမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများ အားလုံး စည်းလုံးညီညွတ်မှု ရှိနေကြရမည်ဖြစ်သည်။ ဥမကွဲသိုက်မပျက် ချစ်ချစ်ခင်ခင် လက်တွဲနေထိုင် ကြရမည်ဖြစ်သည်။ စည်းလုံးမှုပြိုကွဲရန် သွေးခွဲသည့်စကားများ၊ အဖျက်အမှောင့် ပယောဂစကားများကို နားမယောင်မိစေရန် အစဉ်သတိပြုရမည် ဖြစ်သည်။

လွတ်လပ်ရေးဆုံးရှုံးစဉ်က အချိန်ကာလ ခဏအတွင်းဖြစ်သော်လည်း လွတ်လပ်ရေး ပြန်လည်ရရှိရန် ကြိုးပမ်းရာတွင် နှစ်ပေါင်း ၁၀၀ကျော်မျှ ကြာညောင်းခဲ့ရသည်။ လွတ်လပ်ပြီးနောက် ခေတ်မီဖွံ့ဖြိုးတိုးတက် သော နိုင်ငံဖြစ်ရန်အတွက်လည်း အချိန်များစွာယူရသည်။ ထို့ကြောင့် လွတ်လပ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအသီး အပွင့်များကို ဆုံးရှုံးမခံနိုင်ချေ။

အချင်းချင်းမညီညွတ်မှု၊ ဆူပူအုံကြွမှု၊ ပဋိပက္ခများဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်၍မရ။ ပြည်ထောင်စုစိတ်ဓာတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ မျိုးချစ်စိတ်ဓာတ် ထက်သန်မှုတို့ဖြင့်သာ တည်ဆောက်နိုင်မည် ဖြစ်သည်။

ယနေ့တိုင်းရင်းသားပြည်သူများသည် ဘိုးဘေးများ၏ အသက်သွေးချွေးတို့ဖြင့် ရင်းနှီးပေးဆပ် ရယူခဲ့ရသော လွတ်လပ်ခြင်းမှတစ်ဆင့် တည်ငြိမ်အေးချမ်းခြင်း၊ ထိုမှသည် တစ်ဆက်တည်း ဖြစ်ပေါ်လာသော ဖွံ့ဖြိုးတိုးတက်ခြင်း၏ အသီးအပွင့်များကို ရယူခံစားနေကြရပြီဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများအားလုံးသည် လွတ်လပ်ခြင်း၊ တည်ငြိမ်အေးချမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်း အသီးအပွင့်များကို သားစဉ်မြေးဆက် ဆက်လက်ခံစားနိုင်ရန် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက်(၅)ရပ်ကို လက်တွေ့နယ်ပယ်၌ ဝိုင်းဝန်းကြိုးပမ်း ဖော်ဆောင် သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်း နွေစပါးစိုက်ပျိုးပွဲ ကြည့်ရှုအားပေး

နေပြည်တော် ဇန်နဝါရီ ၃

ပဲခူးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးထွန်းသည် ဒီဇင်ဘာ ၂၄ရက်က သနပ်ပင်မြို့နယ်ရှိ တောင်သူတစ်ဦး၏ လယ်မြေအတွင်း စပါးပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး နွေစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကာ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ဆက်လက်၍ ပျဉ်ပုံကြီးရွာသစ်ကျေးရွာရှိ ကတ္တရာကျိုချက်စက်ရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး ပန္နတ်ကျေးရွာရှိ တောင်သူတစ်ဦး၏ စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဒီဇင်ဘာ ၂၅ရက် နံနက်ပိုင်းက ပဲခူးမြို့၌ ကျင်းပသော ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲ အခမ်းအနားသို့ တက်ရောက်၍ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့်အတူ စုပေါင်းလမ်းလျှောက်ပြီး စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ လေ့ကျင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၃

ကြို့ပင်ကောက်မြို့နယ်အသင်း(ရန်ကုန်)၏ ၂၀၁၀ခုနှစ် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၉ရက် နံနက် ၉နာရီတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်း ရွှေတိဂုံဘုရားအနောက်ဘက်မုခ် အနီး မော်လမြိုင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၏ အသက်(၇၅)နှစ်နှင့်အထက် အဘိုးအဘွားများစာရင်းနှင့် ၂၀၁၀ခုနှစ် အခြေခံ ပညာအထက်တန်းစာမေးပွဲ၌ ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့သော သားသမီးများ၏ စာရင်းကို ဦးတင်မြင့် ဖုန်း-၆၄၀၂၅၉၊ ၆၄၀၂၆၂၊ ဦးသိန်းဝင်း ဖုန်း-၇၃၀-၇၆၂၂၇၊ ဦးထွေး ဖုန်း-၀၉-၅၄၀၀၈၅၇၊ ဦးဇော်တင် ဖုန်း-၀၉-၅၄၀၆၃၀၀ နှင့် ဦးငွေဝင်း ဖုန်း-၇၃၀-၂၄၃၃၈ တို့ထံသို့ ဇန်နဝါရီ ၅ရက်နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့ကြရန်နှင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက် ကြရန်ဖြစ်ကြောင်း သိရှိရသည်။ (အမှုဆောင်အဖွဲ့)

ဒီဇင်ဘာ ၁၂ရက်က ဝါးခယ်မမြို့မဈေးကြီးအတွင်း မီးဘေးကြိုတင် ကာကွယ်ရေးအတွက် မီးငြိမ်းသတ် သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်ဥက္ကဋ္ဌ ဦးစိုးထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးလှဦးနှင့် မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးတင်မောင်ဝင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဆုချီးမြှင့်

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြု သောအားဖြင့် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲကို ဇန်နဝါရီ ၁ရက်က အမက(၁) လသာ ကျောင်းခန်းမဆောင်၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခိုင်ခိုင်ဦးက ဆုရအမြွာ မိခင်တစ်ဦး အား ဆုချီးမြှင့်စဉ်။ (ဝ၄၁)

ကျောက်တံတားအထက(၁) အာစရိယပူဇော်ပွဲ အကြိုညှိနှိုင်းဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃

(၁၉)ကြိမ်မြောက် ကျောက်တံတား အထက(၁) ရန်ကုန်မြို့၏ အာစရိယ ပူဇော်ပွဲကို ကျင်းပနိုင်ရန် ဇန်နဝါရီ ၉ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အဆိုပါကျောင်း၌ ညှိနှိုင်းဆွေးနွေးမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်း များ မပျက်မကွက် တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ညောင်တုန်း၌ မိုးစပါးစံကွက်ရိတ်သိမ်း

ညောင်တုန်း ဇန်နဝါရီ ၃

ဧရာဝတီတိုင်းဒေသကြီး မအူပင် ခရိုင် ညောင်တုန်းမြို့နယ် မိုးစပါး စံကွက် ရိတ်သိမ်းပွဲကို ညောင်တုန်း မြို့နယ် နတ်ပေးကျေးရွာအုပ်စု ကွင်း အမှတ်(၄၀၃)၊ ဦးပိုင်အမှတ် (၉၅/၂) တောင်သူဦးငွေဝင်း၏ လယ်မြေ ၂ ဒသမ ဝဝဧကရှိ ပေါ်ဆန်းစပါး စိုက်ခင်း၌ ဒီဇင်ဘာ ၂၀ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မင်း၊ အတွင်းရေးမှူး ဦးကိုကို မောင်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးမိုးကျော်လွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးမြင့် အေးနှင့် စိုက်ပျိုးရေးဝန်ထမ်းများ ကြီးကြပ် ရိတ်သိမ်းခဲ့ကြသည်။ (အပေါ်ပုံ)

အဆိုပါ စံကွက်ရိတ်သိမ်းရာတွင် ပေါ်ဆန်းစပါးမျိုး (သင့်စံကွက်)မှ တစ်ဧက ၆၅ဒသမ ၂၅တင်းနှုန်း ထွက်ရှိကြောင်း သိရှိရသည်။ (၁၅၂)

မိုင်းဆတ်မြို့ သာယာလှပရေးဆောင်ရွက်

မိုင်းဆတ် ဇန်နဝါရီ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ် မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပရေးအတွက် ဆောင်ရွက် လျက်ရှိရာ ဒီဇင်ဘာ ၂၂ ရက်က ဘုရင့်နောင်လမ်းလယ်ကျွန်း၌ ပေါင်း မြက်များ ရှင်းလင်းခြင်း၊ ပန်းအလှ ပင်များစိုက်ပျိုးခြင်းလုပ်ငန်းကို အမှု ဆောင်အရာရှိ ဦးခွန်မြင့်သောင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ကြီးကြပ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ညအိပ်ရာဝင်ချိန် မီးသတိပေး နှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင် မီးများနှင့် မီးဖို မီးကြွင်း မီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။
(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်း လုံးဝမပြုလုပ်ပါနှင့်။
(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက် ကောင်းမွန်စေရေး စီမံထားရှိရန်။

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းအပ်နှင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

အမိန့်ကြော်ငြာစာ

အမှတ်၊၁/၂၀၁၁
၁၃၇၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ရက်
(၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၄ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိ ဝန်ဆောင်စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်ပါသည်-

အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်

၁။ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ ဗန်းမော်ကျောင်းတိုက်၊ မဟာနွယ်စင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တအဂ္ဂဝံသာဘိဝံသ၊ အလယ်တိုက်ကြီး၊ ပေါက်မြိုင်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ၊ မဟာဝိဇိတာရုံကျောင်းတိုက်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ၊ ခေမာသီဝံပရိယတ္တိစာသင်တိုက်၊ ခေမာသီရိရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တသူရဓဇ၊ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)
၃။ ဘဒ္ဒန္တစန္ဒောဘာသာဘိဝံသ၊ မင်္ဂလာသီရိအုတ်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တသုမနာနန္ဒ၊ ဆုတောင်းပြည့်ကျောင်းတိုက်၊ တောင်လုံးပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၅။ ဘဒ္ဒန္တပဏ္ဍိတာဘာတိကာဘိဝံသ၊ ဘုရားဖြူပရိယတ္တိစာသင်တိုက်၊ အမှတ် (၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆။ ဘဒ္ဒန္တပညာဇောတ၊ ရွှေဟင်္သာတောရကျောင်းတိုက်၊ အမှတ် (၇) ရပ်ကွက်၊ ညောင်တုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၇။ ဘဒ္ဒန္တသီရိသုမင်္ဂလထေရ် (Ven.Ambalangoda Sri Sumangala Mahanayake Thero), Swarnamali မဟာဝိဟာရကျောင်းတိုက်၊ Thelawala Road , Mount Lavinia Ratmalama မြို့၊ သီရိလင်္ကာနိုင်ငံ
၈။ ဘဒ္ဒန္တဉာဏိန္ဒ၊ မြန်မာကျောင်း၊ ဗုဒ္ဓဂယာ၊ ဘီဟာပြည်နယ်၊ အိန္ဒိယနိုင်ငံ
၉။ ဘဒ္ဒန္တဓမ္မရက္ခိတဘိက္ခု (Ven.Dhammarakkhita Bhikkhu) Buu Long ကျောင်းတိုက် Nguyen Xien လမ်း၊ ဟိုချီမင်းမြို့၊ ဗီယက်နမ်နိုင်ငံ
၁၀။ ဒေါက်တာဘဒ္ဒန္တဉတ္တရဉာဏ၊ ဘာမင်ဂန်ဗုဒ္ဓဝိဟာရကျောင်းတိုက်၊ Lady Wood ရပ်ကွက်၊ ဘာမင်ဂန်မြို့၊ အင်္ဂလန်နိုင်ငံ

ဓမ္မကထိကဗဟုဇနဟိတဓရ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တနာရဒဓဇ၊ ချမ်းအေးရိပ်သာကျောင်းတိုက်၊ မြို့သစ်ရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တနိပက၊ ရတနာမှန်ကျောင်းတိုက်၊ ရွှေဂွန်းကျေးရွာ၊ လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ်
၂။ ဘဒ္ဒန္တရေဝတာဘိဝံသ၊ ပရိယတ္တိသဒ္ဓမ္မဝါစီမင်းကျောင်းစာသင်တိုက်၊ အမှတ်(၁)ရပ်ကွက်၊ ကြာအင်းဆိပ်ကြီးမြို့၊ ကရင်ပြည်နယ်
၃။ ဘဒ္ဒန္တပညာဒီပ၊ ဝေဠုဝန်တိုက်သစ်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အမှတ်(၁)ရပ်ကွက်၊ ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တပုညသေဋ္ဌ၊ မဟာသန္တာရုံကျောင်းတိုက်၊ အောင်သစ္စာရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တပညာသာမိ၊ ယောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ကည့်ုရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တသုမင်္ဂလ၊ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)
၇။ ဘဒ္ဒန္တကောဏ္ဍည၊ တိုက်ကျောင်းပါဠိတက္ကသိုလ် ကျောင်းတိုက်၊ ဈေးချိုတောင်ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)
၈။ ဘဒ္ဒန္တပဏ္ဍိတသာရ၊ မင်္ဂလာသာစည် ပရိယတ္တိစာသင်တိုက်၊ အုံမြားစုရပ်ကွက်၊ ချောက်မြို့၊ မကွေးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တနာဂဝံသ၊ ဘဏ္ဍာစိုးကျောင်း၊ ရွှေရေးဆောင်တိုက်၊ ကျွန်းလုံးဉသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တဝိလာသ၊ နဝမအုဋ္ဌကျောင်း၊ မဟာနန္ဒိသေနာရာမတိုက်၊ ကျွန်းလုံးဉသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တရာဇိန္ဒာဘိဝံသ၊ ပဒေသာရွှေကျောင်း၊ မြတောင်တိုက်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တပညာသိရီ၊ ပခုက္ကူကျောင်းသစ်၊ ကိုးဆောင်တိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ မြင်းခြံမြို့၊ မန္တလေးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တခေမိန္ဒာစာရ၊ မဟာဝိသုတာရာမ ကျောင်းတိုက်၊ ဆူးကုန်းရပ်ကွက်၊ ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တအဂ်ရ၊ ကံတော်မင်္ဂလာစာသင်တိုက်၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၁၅။ ဘဒ္ဒန္တသုမနာဘိဝံသ၊ သဒ္ဓမ္မဇောတိကာရာမကျောင်းတိုက်၊ နန်းခဲရပ်ကွက်၊ သထုံမြို့၊ မွန်ပြည်နယ်
၁၆။ ဘဒ္ဒန္တဝိစိတ္တသာရ၊ စိန်မပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ဖက်တန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၁၇။ ဘဒ္ဒန္တဝါယာမသာရ၊ ကျောက်ချောင်းကျောင်း ပရိယတ္တိစာသင်တိုက်၊ အမှတ်(၇)အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တပဏ္ဍိတ၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ပန်းခြံကုန်းရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တသုစိတ္တ၊ ဆုထူးပန်ပရိယတ္တိ ရွှေကျင်ကျောင်းတိုက်၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တစန္ဒာဝရ၊ မဟာဇောတိကာရာမပါဠိတက္ကသိုလ် ကျောင်းတိုက်၊ ဘုန်းစိုးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တကေသဝ၊ မဟာလယ်တီ ကျောင်းတိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တကုန္ဒာစရိယ၊ သာသနာ့မဏ္ဍိုင် ပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ပန်းခြံကုန်းရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တရာဇိန္ဒ၊ ပန်းလှိုင်စာသင်ကျောင်းတိုက်၊ ပန်းလှိုင်ရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တဇဝန၊ ဥဿာသိရီစာသင်တိုက်၊ နန်းတော်ရာရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တဇနိတ၊ သာသနဇောတိကကျောင်းတိုက်၊ မြို့တွင်းကြီးရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တသီတလာစာရ၊ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်၊ နဝင်းရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)
၈။ ဘဒ္ဒန္တစန္ဒောဘာသ၊ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက်၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ နေပြည်တော်တပ်ကုန်း
၉။ ဘဒ္ဒန္တသုမန၊စက်ာပူကျောင်းအရှေ့ဆင်တဲတိုက်၊ပြည်ကြီးမျက်မှန်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တစိတြဉာဏာလင်္ကာရ၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တရေဝတ၊ အောင်ချမ်းသာကျောင်း၊ စကုတိုက်၊ သီရိဟေမာအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၂။ ဘဒ္ဒန္တစန္ဒောဘာသ၊ ဝမ်းတော်ပြည့်ကျောင်းတိုက်၊ ကျီတော်ကုန်းရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး
၁၃။ ဘဒ္ဒန္တကုမာရ၊ မြိုင်မာလာကျောင်း၊ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်၊ ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၄။ ဘဒ္ဒန္တနန္ဒဝံသ၊ သဒ္ဓမ္မဝံသာရုံစာသင်တိုက်၊ နန်းတော်ကုန်းရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တကောသိယာဝုဓ၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တသောဘိတာလင်္ကာရ၊ မင်္ဂလာဗိမာန်ကျောင်း၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တဝိဇယ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါနဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၈။ ဘဒ္ဒန္တဝိမလသာရ၊ သာသနဝေပုလ္လပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ရန်မျိုးအောင်ရပ်ကွက်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး
၁၉။ ဘဒ္ဒန္တသုဒဿန၊ မဟာဗောဓိပရိယတ္တိစာသင်တိုက်၊ အမှတ်(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တဇနက၊ ကျောက်ကုန်းတောရ မေဒိနီကျောင်းတိုက်၊ အမှတ်(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၁။ ဘဒ္ဒန္တသုစိတ္တသာမိ၊ ပဉ္စနိကာယ သာသနာ့ဗိမာန်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၂။ ဘဒ္ဒန္တဝိလာသ၊ ကိုင်းကုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်၊ အမှတ်(၅)ရပ်ကွက်၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၃။ ဘဒ္ဒန္တရာဇိန္ဒ၊ စစ်ကိုင်းစာသင်တိုက်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၂၄။ ဘဒ္ဒန္တပညိဿရ၊ နိကာယ်စာသင်တိုက်၊ အမှတ်(၂၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သီလရှင်ဆရာကြီးများ

၂၅။ ဒေါ်ဓမ္မထေရီ၊ ရောင်ခြည်ဦးထေရဝါဒ ဗုဒ္ဓသာသနာပြု သီလရှင်စာသင်တိုက်၊ မရိုကထောင်ရပ်ကွက်၊ ဖားကန့်မြို့၊ ကချင်ပြည်နယ်
၂၆။ ဒေါ်စန္ဒမာလာ၊ ထေရဝါဒဗုဒ္ဓသာသနာပြု သီလရှင်စာသင်တိုက်၊ ကျင်မွှာလ်ရပ်ကွက်၊ ဖလမ်းမြို့၊ ချင်းပြည်နယ်
၂၇။ ဒေါ်သုမာလာ၊ မဟာလယ်တီဓမ္မေသက သီလရှင်စာသင်တိုက်၊ လယ်တီရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂၈။ ဒေါ်တိက္ခဝတီ၊ မြဝတီသီလရှင်စာသင်တိုက်၊ ချမ်းမြသာယာရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တခေမိန္ဒ၊ ဘုရားလေးဆူကျောင်းတိုက်၊ ကန်တော်ကြီးရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
၂။ ဘဒ္ဒန္တစတိလ၊ အောင်စေတီသာသနာ့ဗိမာန်ကျောင်းတိုက်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။ ဘဒ္ဒန္တဂုဏောသန၊ မဟာဓမ္မိကာရုံပရိယတ္တိစာသင်တိုက်(ကျိုက်ပိ)ကျောင်း၊ မဟာဗောဓိလမ်း၊ အမှတ်(၁၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပြည်ပဘွဲ့ခံဆရာတော်ကြီး

၄။ ဘဒ္ဒန္တဂုဏဝံသ၊ မိုလန်ခန္တီးကျောင်းတိုက်၊ လီဒိုမြို့၊ တိန်ချူးကြာခရိုင်၊ အာသံပြည်နယ်၊ အိန္ဒိယနိုင်ငံ

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တသြဘာသ၊ အောင်မင်္ဂလာကျောင်းတိုက်၊ အမှတ်(၁) ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ အောင်မင်္ဂလာရပ်ကွက်၊ ဆားမှော်မြို့၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တတေဇနိယ၊ ကော့ကရက်သာသနာပြုကျောင်းတိုက်၊ ကော့ကရက်ကျေးရွာ၊ ဖာပွန်မြို့နယ်၊ ကရင်ပြည်နယ်
၃။ ဘဒ္ဒန္တပညာဇောတ၊ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ပေါမိုင်းရပ်ကွက်၊ ခန္တီးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တဉတ္တရ၊ မဟာဓမ္မပါလဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ဆင်သေကျေးရွာ၊ ခန္တီးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တမာနိတသိရီ၊ မြို့မကျောင်းတိုက်၊ အမှတ်(၁)ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မြို့မရပ်ကွက်၊ တမူးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တဇဝန၊ ကံသာယာထေရဝါဒ ဗုဒ္ဓသာသနာပြုဗဟိုကျောင်း၊ ကံသာယာကျေးရွာ၊ ကံကြီးကျေးရွာအုပ်စု၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တပညာဝံသ၊ ဇေယျာဘုမ္မိဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ တိုင်းရင်းသားလူငယ်များ ဘက်စုံဖွံ့ဖြိုးရေး မိဘမဲ့ပရဟိတဂေဟာ၊ ပိန္နဲတောရပ်ကွက်၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တပညာဝံသ၊ ပရဟိတဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ရန်ကြီးအောင်ကျောင်းတိုက်၊ အမှတ်(၁၁) ပုလုံးတုံတုံးရပ်ကွက်၊ ကော့သောင်းမြို့၊ တနင်္သာရီတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တသုန္ဒရ၊ ရွှေဂူလေးဘုရားကျောင်းတိုက်၊ ကလျာဏီရပ်ကွက် ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တဝါယမ၊ ကြေးနီကန်တိုက်အုပ်ကျောင်းတိုက်၊ မဇင်းရပ်ကွက်၊ ပဲခူးမြို့၊ ပဲခူးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တသုနန္ဒ၊ ရတနာပုံကျောင်းတိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ စိန်ကန့်လန့်ရွာ၊ မင်းလှမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)
၁၂။ ဘဒ္ဒန္တဉာဏိန္ဒာစာရ၊ စန္ဒာရုံဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ စန္ဒာရုံကျောင်းတိုက်၊ ဆင်စုရပ်ကွက်၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)
၁၃။ ဘဒ္ဒန္တပညာဝရ၊ ရေတောင်တောရဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ မြို့မ(၄)ရပ်ကွက်၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ်
၁၄။ ဘဒ္ဒန္တကေလာသ၊ မြစေတီကျောင်းတိုက်၊ မုရစ်ကြီးကျေးရွာ၊ ချောင်းဆုံမြို့နယ်၊ မွန်ပြည်နယ်
၁၅။ ဘဒ္ဒန္တခေမိန္ဒသာမိ၊ သာသနာနုဂ္ဂဟကျောင်း၊ ခြောက်ထပ်ကြီးဘုရားကြီးကျောင်းတိုက်၊ အလယ်ရွှေဂုံတိုင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

စာမျက်နှာ ၄ ကော်လံ ၁သို့

စာမျက်နှာ ၃မှ

၁၆။ ဘဒ္ဒန္တကောဏ္ဍည၊ ချောင်းဝကျောင်းတိုက်၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အလတ်ချောင်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၇။ ဘဒ္ဒန္တဝိစိတ္တသာရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မိုင်းယောင်းမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)
၁၈။ ဘဒ္ဒန္တတိဿ၊ ပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ မြို့ဦးကျောင်း၊ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုဌာန၊ သာထွန်းပြန့်လမ်း၊ ဈေးနောက်ရပ်ကွက်၊ ဖယ်ခုံမြို့၊ ရှမ်းပြည်နယ်
၁၉။ ဘဒ္ဒန္တပညာစက္က၊ ပရဟိတကျောင်းတိုက်၊ ရေစခန်းကျေးရွာ၊ ကျုံပျော်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး
၂၀။ ဘဒ္ဒန္တပဏ္ဍိစ္စ၊ ပရဟိတ ဘုန်းတော်ကြီးသင်ပညာရေးမူလတန်းလွန်ကျောင်း၊ မဟာဝိသုတာရာမ(ဥယျာဉ်ကြီးကျောင်းတိုက်) ဥယျာဉ်လမ်း၊ အမှတ်(၁)ရပ်ကွက်၊ ကျောင်းကုန်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး

ပြည်ပဘွဲ့ခံဆရာတော်ကြီး

၂၁။ Ven. NANADHAMMO, Vietnam Buddhist Sangha, RAtanaran Si Lang Cat Pagoda, No.349,Ngo,Quyer Street, Vinh Lac Ward, Rach Gia City. Kien-Giang Province, Vietnam.

မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တတေဇဝန္တ၊ အသောကကျောင်းတိုက်၊ ဇာသပြင်ကျေးရွာ(အနောက်ဘက်ကမ်း)၊ ဘားအံမြို့နယ်၊ ကရင်ပြည်နယ်
၂။ ဘဒ္ဒန္တကုသလ၊ ပရဟိတအုဋ္ဌကျောင်း၊ သာစည်စံပြကျေးရွာ၊ ကလေးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တဒေဝိန္ဒ၊ မင်္ဂလာသာစည် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ သက္ကလစံပြကျေးရွာ၊ ကဝမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တခန္တီ၊ ပရိယတ္တိမာမက ဓမ္မရက္ခိတစာသင်တိုက်၊ သာယာကုန်းရပ်ကွက်၊ ကျောင်းရွာစံပြကျေးရွာ၊ ရေးမြို့နယ်၊ မွန်ပြည်နယ်
၅။ ဘဒ္ဒန္တတေဇောဘာသ၊ ဓမ္မာလင်္ကာရ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ငှက်ပျော်တောကျေးရွာ၊ ကျိုက်ထိုမြို့နယ်၊ မွန်ပြည်နယ်
၆။ ဘဒ္ဒန္တဝဏ္ဏသာမိ၊ မောင်နမထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်၊ မောင်နမကျေးရွာ၊ မြောက်ဦးမြို့နယ်၊ ရခိုင်ပြည်နယ်
၇။ ဘဒ္ဒန္တဝိနယာစာရ၊ ဇေယျာသုခစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင်ပညာရေး(မူလွန်)ကျောင်း၊ ကောင်းဆာသာသနာပြုဌာန၊ မြို့မရပ်ကွက်(၂)၊ နမ့်ခမ်းမြို့၊ မူဆယ်ခရိုင်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)
၈။ ဘဒ္ဒန္တဥက္ကံသ၊ တာမိုးညဲထေရဝါဒဗုဒ္ဓသာသနာပြုဌာန၊ ဝေယံဘုံသာကျောင်းတိုက်၊ ကွတ်ခိုင်မြို့၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)
၉။ ဘဒ္ဒန္တဝါသိဋ္ဌ၊ ရွှေစေတီတစ်ထောင်ကျောင်းတိုက်၊ ဂန္ဓမာဒနတောင်တော်၊ ချင်းလယ်ကျေးရွာအုပ်စု၊ လေးမျက်နှာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၁၀။ Ven.Thich Thien Tam (Kusalacitto) , Pho Minh Pagoda, No.2, Thien Ho Duong, Go Vap dist, Ho Chi Minh City Vietnam.
၁၁။ ဘဒ္ဒန္တကိတ္တိမာ၊ သာသနဟိတကာရီကျောင်းတိုက်၊ စူးရှက်ဝကျေးရွာ၊ ရဇော်ထော်လီမြို့နယ်၊ ရင်ဂါမာတီခရိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ

သီလရှင်ဆရာကြီး

၁၂။ ဒေါ်ကိဿရထေရီ၊ ဝိသာခါသီလရှင်သင် အမျိုးသမီးပညာရေးကျောင်း၊ အမှတ် (၈၁)ရပ်ကွက်၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

လူပုဂ္ဂိုလ်

၁၃။ ဦးဝင်းဖေ၊ အမှတ် (၈၆)၊ သစ်တောလမ်းအထက်၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တပညာသေဋ္ဌ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်းတိုက်၊ မြို့မရပ်ကွက်၊ ဆော့လော်မြို့နယ်၊ ကချင်ပြည်နယ်
၂။ ဘဒ္ဒန္တတေဇဝန္တ၊ ဘောဂလိထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ (၄)ရပ်ကွက်၊ ဘောဂလိမြို့၊ သံတောင်ကြီးမြို့နယ်၊ ကရင်ပြည်နယ်
၃။ ဘဒ္ဒန္တပညောဘာသ၊ ဘုန်းတော်ကြီးသင်ပညာရေး မူလတန်းလွန်ကျောင်း၊ ကျောဘုတ်ရပ်ကွက်၊ ဟားခါးမြို့နယ်၊ ချင်းပြည်နယ်
၄။ ဘဒ္ဒန္တဉာဏဝရ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ မရှိန်းလော့ကျေးရွာ၊ မင်းတပ်မြို့နယ်၊ ချင်းပြည်နယ်
၅။ ဘဒ္ဒန္တကုန္တက၊ ဒက္ခိဏာရာမကျောင်းတိုက်၊ ရွှေပန်းကျေးရွာ၊ မြောင်မြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တပညာဝံသ၊ ရွှေကျောင်းကြီးကျောင်းတိုက်၊ အာဂမဇောတိကာရုံကျောင်း၊ ဈေး(၂)ရပ်ကွက်၊ ပေါင်းတည်မြို့၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)
၇။ ဘဒ္ဒန္တပညိန္ဒ၊ အောင်မင်္ဂလာ (၆)ထပ်ကျောင်း၊ စကုတိုက်၊ သီရိဟေမာအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၈။ ဘဒ္ဒန္တစန္ဒ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ စည်ပင်သာယာရွာ၊ စံညွှင်းဝေကျေးရွာအုပ်စု၊ ဘူးသီးတောင်မြို့နယ်၊ ရခိုင်ပြည်နယ်
၉။ ဘဒ္ဒန္တပညာသေဋ္ဌ၊ အောင်မြေသုခ သာသနာပြုကျောင်းတိုက်၊ ကျောင်းတောင်သာသနာပြုဌာန၊ ချောင်းနက်ကျေးရွာ၊ မင်းပြားမြို့နယ်၊ ရခိုင်ပြည်နယ်

၁၀။ ဘဒ္ဒန္တဉာဏဝံသ၊ နတ်မောက်ဝိဇ္ဇာသိပ္ပံလူငယ်ဖွံ့ဖြိုးရေးဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ အာသာဝတီလမ်း၊ အမှတ် (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တစန္ဒိမာ၊ ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ ရွှေတောင်သာသနာပြုဌာန၊ ရွှေတောင်ကျေးရွာ၊ ဟိုပန်ကျေးရွာအုပ်စု၊ မိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)
၁၂။ ဘဒ္ဒန္တစန္ဒာဝရ၊ တာပင်းထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း၊ တာပင်းကျေးရွာ၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)
၁၃။ ဘဒ္ဒန္တနန္ဒမဇ္ဈ၊ ပီမောင်းထေရဝါဒ ဗုဒ္ဓသာသနာပြုဌာန၊ ကယန်းအထူးဒေသ၊ ဖယ်ခုံမြို့နယ်၊ ရှမ်းပြည်နယ်

ပြည်ပဘွဲ့ခံဆရာတော်ကြီးများ

၁၄။ ဘဒ္ဒန္တဥဒယဘဒ္ဒ၊ ဝိဆွာရှန်တိ(ကမ္ဘာအေး)ကျောင်း၊ အာလောကနဂရ်ရပ်ကွက်၊ ကတ္တမန္ဒူးမြို့၊ ဘာဂ်မတိပြည်နယ်၊ နီပေါနိုင်ငံ
၁၅။ ဘဒ္ဒန္တအာစိဏ္ဏ၊ သီရိဝိနယာလင်္ကာရမြန်မာကျောင်းတိုက်၊ ကန္ဒီမြို့၊ သီရိလင်္ကာနိုင်ငံ

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဉာဏောဘာသ၊ သဇင်ရေကျော်ကျောင်း၊ အာသာဝတီကျောင်းတိုက်၊ အမှတ်(၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ပြည်ပဘွဲ့ခံဆရာတော်ကြီး

၂။ Ven.Phra Dhammamangla Jarn,Wat Phradhatu Sri Chomtong Varavihara, Chomtong, Chaing Mai, Thailand.

ကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်

၁။ ဘဒ္ဒန္တဉာဏဗလ၊ သဒ္ဓမ္မမဏ္ဍိကျောင်းတိုက်၊ ပေါင်းတလည်မြို့၊ ပြည်မြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)
၂။ ဘဒ္ဒန္တဓမ္မပီယ၊ တောင်ပေါ်ရိပ်သာကျောင်းတိုက်၊ ဇရပ်ကြီးရွာ၊ မင်းဘူး(စကု)မြို့နယ်၊ မကွေးတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တမဟိန္ဒ၊ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာအဖွဲ့ခွဲ(၂၉)၊ အထက်ပိုင်းရပ်ကွက်၊ အိမ်မဲမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး

အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်

၁။ ဒေါက်တာကျော်စော၊ အမှတ်(၁၄၆)(ခ)၊ မန္တလေး-လားရှိုးလမ်း၊ ရပ်ကွက်ကြီး(၄)၊ ပြင်ဦးလွင်မြို့၊ မန္တလေးတိုင်းဒေသကြီး
၂။ ဦးရွှေမှီ၊ အမှတ်(၁၀၅)၊ သမိန်ဗရမ်းလမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။ ဒေါက်တာသန်းထွန်း(ကံ့ကော်ရွှေပြည်)၊ ခြံအမှတ်(၃/က)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း၊ အမှတ်(၇)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄။ ဦးစိုးသိန်း၊ အမှတ်(၂၀၆)၊ သံသုမာလမ်းနှင့် စရည်းပင်လမ်းထောင့်(၂၃)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်

၁။ ဒေါ်ကြွေကြွေ၊ တိုက်အမှတ်(၃)၊ တရုတ်တန်းလမ်း၊ ဘုရားကြီးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဒေါ်ကျင်သိန်း၊ အမှတ်(၄၉)၊ (၂၇)လမ်း၊ (၃)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။ ဒေါ်နွဲ့နွဲ့ကြည်၊ အမှတ်(၆၅)၊ ကျောက်စိမ်းပတ်လမ်း၊ (၄) တိုးချဲ့ရပ်ကွက်၊ ရတနာကျွန်းရိပ်သာ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၄။ သီတဂူဒေါ်အေးသိန်း၊ အမှတ်(၁)၊ လှော်ကားလမ်း၊ (၂၀/က)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်

၁။ ဒေါ်နီလာရွှေ၊ အမှတ်(၈၃)၊ အထက်ကြည့်မြင်တိုင်လမ်း၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်

၁။ ဦးရာချို၊ တရုတ်တန်းလမ်း၊ ဘုရားကြီးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဦးစိန်လှိုင်၊ ပွဲစားတန်းလမ်း၊ ဘုရားကြီးရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဦးကျော်ငွေ၊ ရွာမိဿာကျေးရွာ၊ ရေဦးမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဦးယုံစိန်၊ အမှတ်(၃၈၅)၊ (၈၂)လမ်း၊ ၃၀×၃၁လမ်းကြား၊ အောင်နန်းအရှေ့၊ (၅၈၁)ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၅။ ဦးမောင်သိန်း၊ အမှတ်(၄၆/အီး)၊ ဖိုးစိန်လမ်းသွယ်၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆။ ဦးသန်းငွေ၊ အမှတ်(၇၆)၊ နီလာလမ်း၊ နယ်မြေ(၂)၊ သုခချမ်းသာရပ်ကွက်၊ ရွှေညောင်မြို့၊ တောင်ကြီးမြို့နယ်၊ ရှမ်းပြည်နယ်

သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်

၁။ ဒေါ်သန်းသန်းဆွေ၊ အမှတ်(၁၉၄/၁၂)၊ (၃၄×၃၅)လမ်း၊ (၇၈×၇၉)လမ်းကြား၊ ကဋ္ဌနမဟီရပ်၊ ရွှေချည်ထိုးအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၂။ ဒေါ်ခင်ပြုံးယဉ်(ခ)မငယ်၊ အမှတ်(၁၄၄)၊ (၃၄)လမ်း၊ (၈၀×၈၁)လမ်းကြား၊ အောင်နန်းရှေ့(၅၅၆)ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၃။ ဒေါ်စံပယ်ကိုလေး၊ အမှတ်(၃၃၁)၊ (၈၃)လမ်း၊ (၃၁×၃၂)လမ်းကြား၊ အောင်နန်းရိပ်သာအရှေ့၊ အကွက်(၅၇၂)၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၄။ ဒေါ်အေးကြည်၊ အမှတ်(၄၆)၊ မောင်ကလေးလမ်း၊ အရှေ့ရှမ်းကုန်းရပ်၊ ဒိုင်းဝန်ကွင်း၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၅။ ဒေါ်စန်းစန်းဦး၊ ခြံအမှတ်(ပီ/၁၄)၊ မြနန္ဒာလမ်း၊ မြကန်သာဥယျာဉ်၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၆။ ဒေါ်လယ်လယ်အောင်၊ ခြံအမှတ်(၄၄)၊ ပန်းဝါလမ်း၊ (၃၀)ရပ်ကွက်၊ ရန်ကုန်သစ်၊ သုဝဏ္ဏ ဗိုလ်ချုပ်ရွာသစ်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၇။ ဒေါ်ပြုံးရီ၊ ခြံအမှတ်(၅)၊ ရေခဲစက်၊ (၁၁)လမ်း၊ အမှတ်(၅)ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၈။ ဒေါ်စမ်းရှင်၊ အမှတ်(၁၀)၊ မန်းဘခိုင်လမ်း၊ ဥယျာဉ်မြောက်ရပ်ကွက်၊ ဟင်္သာတမြို့၊ ဧရာဝတီတိုင်းဒေသကြီး
၉။ ဒေါ်နန်းချစ်ဆွေ၊ အမှတ်(၁၇)၊ ရွှေဝတ်မှုံ(၁)လမ်း၊ ပုသိမ်မြို့၊ ဧရာဝတီတိုင်းဒေသကြီး
၁၀။ ဒေါ်ရီရီငွေ၊ အမှတ်(၁၃)၊ (၇)လမ်း၊ အမှတ်(၄)ရပ်ကွက်၊ မြောင်းမြမြို့၊ ဧရာဝတီတိုင်းဒေသကြီး

အမိန့်အရ
(ပုံ)
သီဟသူရတင်အောင်မြင့်ဦး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၁-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၂၀	MRTV-4 သတင်း
၅:၅၀	**အနန္တာဘရမြက်ရိတ်သမားဥပမာပြ ခန္တာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၆:၄၅	၂၀၁၁ ခုနှစ် (၆၃)ကြိမ်မြောက် လွတ်လပ်ရေးနေ့နိုင်ငံတော်အလံတင် အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
၇:၂၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝင်္ကပါ** (အပိုင်း-၁၂၅)
၇:၃၀	MRTV-4 သတင်း
၈:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၉၂)
၉:၁၀	Fashion Music Festival (Part-22)
၉:၄၅	Wedding Season (ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့၏ မင်္ဂလာရက်မြတ်များဆီသို့)(အပိုင်း-၅)
၁၀:၀၅	လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ်
၁၀:၁၅	Cartoon Show Time (BATTLE FOR TERRA)
၁၀:၅၅	တောင်ငူ GTI၊ GTC ကျောင်းသား/ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ
၁၁:၂၅	Celebrity Style (ပပဝင်းခင်)
၁၁:၅၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂:၁၅	The Champion of Dance
၁၂:၄၅	လွတ်လပ်ရေးနေ့ဂုဏ်ပြုတေး
၁:၀၀	**အနန္တာဘရမြက်ရိတ်သမားဥပမာပြ ခန္တာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရဆရာတော် ဘဒ္ဒန္တသံဝရ)
၂:၀၀	MRTV-4 သတင်း
၂:၂၀	Wedding Season (Part-10)
၂:၄၅	လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ်
၂:၅၅	သင်ကြားရေးလမ်းညွှန် (မဏိစန္ဒာအပ်ချုပ်သင်တန်း)
၃:၁၅	ရန်ကုန်စီးပွားရေးတက္ကသိုလ် (၄၆)နှစ်မြောက်အထိမ်းအမှတ် နှင့်အာစရိယပူဇော်ပွဲ
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝင်္ကပါ** (အပိုင်း-၁၂၅)
၄:၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၉၂)
၅:၀၀	Wedding Season (ပြေတီဦးနှင့်အိန္ဒြာကျော်ဇင်တို့၏ လက်မှတ်ထိုးမင်္ဂလာ အခမ်းအနား)
၅:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	ရန်ကုန်မြင်ကွင်းကျယ် (Choi Family Concert)
၆:၃၀	လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ်
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **လောကဝင်္ကပါ** (အပိုင်း-၁၂၆)
၇:၁၅	Fashion Music Festival (Part-23)
၇:၄၀	စာအုပ်ပြခန်း (Fashion Image Magazine)
၈:၀၀	MRTV-4 သတင်း
၈:၃၀	လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ်
၈:၄၀	အနုပညာမိုးကောင်းကင်
၉:၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၉၃)
၁၀:၀၀	International Show Biz
၁၀:၂၅	သုဌေးကျွန်းနှင့် Ecotourism
၁၀:၅၀	မိခင်နို့စနစ်တကျတိုက်ကျွေးနည်း နှင့်ဖြည့်စွက်စာကျွေးနည်း သိကောင်းစရာများ
၁၁:၀၀	အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၄၃)ကြိမ်မြောက် စာအောင်ဆုနှင်းသဘင်
၁၁:၁၀	ကြည်နူးဆွတ်ပျံ့သာယာ အဆင့်မြင့်သစ်ခွဥယျာဉ်ကမ္ဘာ
၁၁:၂၀	သမိုင်းဂုဏ်ဝင့်ကြွား.... မြို့ရွှေဘို၏အလှဟန်များ
၁၁:၃၅	MRTV-4 ကျန်းမာရေးကဏ္ဍ (သွားနှင့်ခံတွင်းကျန်းမာရေး အကြောင်း)
၁၂:၀၅	ရွှေတောင်မြို့မှစည်းလုံးချည်
၁၂:၂၀	စိုက်ပျိုးဖို့လွယ်ကူစေတာ ကောက်ရိုးမှိုပါ
၁၂:၃၀	World of Knowledge (Inside Sumo Kids)
၁:၂၀	စွဲမက်ဖွယ်ရာရတနာ (လင်းလက်တောက်ပဂေါ်မိတ်အလှ)
၁:၄၅	မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
၁:၅၀	အောင်မြင်သူတို့ဘဝ ကျော်ကြားသူတို့နားခိုရာ
၂:၁၅	တိရစ္ဆာန်လေးတွေမွေးကြမယ် (Golden Gold Kennel)
၂:၃၅	ပတ္တမြားမြေသို့ အလည်တစ်ခေါက်
၂:၅၅	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၃:၅၅	Make In A Delicious Way (Bollywood မှ စွဲမက်ဖွယ်ရာ အစားအစာများ)
၄:၂၀	ကြည်နူးစရာ လက်ဆောင်အဖြာဖြာ (Lucky Prize Floral Service ၏ ပန်းအလှပြုလုပ်နည်း)
၄:၄၀	အံ့ဖွယ်ထင်ရှားကျိုက္ခမီဘုရား ဝပ်တွားအလီလီနိဗ္ဗာန်ရည်

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းနေစေရေး အမျိုးသားပညာရည်မြှင့်တင်မှုလုပ်ငန်းစဉ်များ၊ အစီအမံများ ချမှတ်ဖော်ဆောင်

မိဘ၊ ဆရာ၊ ကျောင်းသားများ ပူးပေါင်းခြင်းဖြင့် ပညာရေးမျှော်မှန်းချက်အောင်မြင်မည်

နေပြည်တော် ဇန်နဝါရီ ၃

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် ယနေ့ညနေ ၃နာရီတွင် နေပြည်တော် ဇေယျာသီရိမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ၌ ကျင်းပသည့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ပညာရေးဖွံ့ဖြိုးမှုပြခန်း၌ ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

တက်ရောက်

ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားသို့ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံပညာရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ နေပြည်တော်ခရိုင်ရှိ မြို့နယ်များမှ မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ထူးချွန်ဆုရကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ပညာရေးဖွံ့ဖြိုးမှု ပြခန်း၌ ခင်းကျင်းပြသထားသည့် အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍတို့၌ ပညာရည်မြင့်မားရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှု မှတ်တမ်းဓာတ်ပုံများ၊ အခြေခံပညာကဏ္ဍ ပညာရေးဖွံ့ဖြိုးမှုဆောင်ရွက်ချက်များပြကွက်၊ ကျောင်းသား ကျောင်းသူများ၏ လက်မှုစွမ်းရည်ပစ္စည်းများပြကွက်၊ သိပ္ပံပစ္စည်း၊ သင်ထောက်ကူနှင့် Media ဆိုင်ရာပြကွက်၊ အခြေခံပညာအထက်တန်းအဆင့် သိပ္ပံလက်တွေ့ပြကွက်၊ တက္ကသိုလ်များ၏ သုတေသနစွမ်းဆောင်ချက်များ

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝိဇ္ဇာဘာသာတွဲဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပေးအပ် ချီးမြှင့်

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦး ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ပြကွက်တို့ကို အသေးစိတ်လှည့်လည်ကြည့်ရှုအားပေးကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ နေပြည်တော်ခရိုင် ပျဉ်းမနား အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ နဝမတန်းကျောင်းသူလေးများဖြစ်ကြသည့် မလင်းနန္ဒာဖြိုးနှင့် မထက်ထက်ရွှေစင်တို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

ဖျော်ဖြေတင်ဆက်

ရှေးဦးစွာ နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက နိုင်ငံတော်သီချင်းကိုတီးမှုတ်၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မြန်မာ့ကျောင်းသီချင်းဖြင့် ဂုဏ်ပြုသီဆို ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရ ဦးတင်အောင်မြင့်ဦးက အမှာစကားပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော နိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာရေးအတွက် နယ်ပယ်ကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရာတွင် အရည်အသွေးရော အရည်အချင်းပါ ပြည့်ဝသည့် အမျိုးသားလူ့စွမ်းအား အရင်းအမြစ်များ ပြည့်စုံပိုင်ဆိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ချိန်တည်းမှာပင် မိမိတို့နိုင်ငံတော်ကြီးကို နိုင်ငံတကာ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ယှဉ်တွဲလိုက်ပါစေနိုင်ရအောင် တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်ပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းနေစေရန် အမျိုးသားပညာရည်မြှင့်တင်မှု လုပ်ငန်းစဉ်များ၊ အစီအမံများကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ဦးစားပေး

နိုင်ငံတော်အစိုးရအနေဖြင့် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရန်နှင့် ဒေသအလိုက်လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ပေးနိုင်ရေးအတွက် ၂၀၀၁-၂၀၀၂ပညာသင်နှစ်မှစပြီး အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀နှစ်ရှည်စီမံကိန်းကို အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက် စီမံကိန်းလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ရာ ယခုနှစ်ဆိုလျှင် ဒုတိယနှစ်တို ငါးနှစ် စီမံကိန်း၏ ပဉ္စမနှစ်အဖြစ် ပညာရေးအရည်အသွေး မြင့်မားရေးလုပ်ငန်းများကို ဦးစားပေး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပညာရေးမြှင့်တင်မှု အစီအစဉ်ဖြင့် အမျိုးသားပညာရည်မြင့်မားရေး လုပ်ငန်းစဉ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် သက်ဆိုင်ရာ ပညာသင်နှစ်အတွင်း ကျောင်းသား ကျောင်းသူများ၏ ထူးချွန်စွာ စွမ်းဆောင်ချက်များ၊ အောင်မြင်မှုရလဒ်များနှင့် ပြောင်းလဲတိုးတက်လာမှုများကို အခြေခံပညာကျောင်းအလိုက် မိဘပြည်သူများအား ထုတ်ဖော်ပြသနိုင်ခြင်းဖြင့် ပညာရေးလုပ်ငန်းများ၌ မိဘပြည်သူများ၏ ပိုမိုပူးပေါင်းပါဝင်လာစေရန် မျှော်မှန်းပြီး ပညာရေးစုံညီပွဲတော်များကို နှစ်စဉ် ဇန်နဝါရီ ၃ရက်တွင် ကျင်းပဆောင်ရွက်ခဲ့ရာ ယခုဆိုလျှင် (၁၃)ကြိမ်မြောက် ပညာရေးစုံညီပွဲတော်အဖြစ် ကျင်းပနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမျိုးသားပညာရည်မြင့်မားရေးအတွက်-

- **ဆရာ ဆရာမများရဲ့ သင်ကြားမှုအရည်အသွေး ပြည့်ဝရေး။**
- **သင်ရိုးညွှန်းတမ်းနဲ့ သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်ရေး။**
- **သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများကို ထိရောက်စွာ အသုံးပြု သင်ကြားရေး။**
- **ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ သတ်မှတ်ချက်များကို လေးစားလိုက်နာရေး။**

စာမျက်နှာ ၆ ကော်လံ ၁

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားတွင် နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက 'မြန်မာ့ကျောင်း' သီချင်းဖြင့် ဂုဏ်ပြုသီဆို ဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၅ မှ

- မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာရေး။
- သင်ရိုးမာတိကာများကို အပြည့်အဝလေ့ကျင့်သင်ကြားရေးနဲ့ သင်ယူတတ်မြောက်မှု စစ်ဆေးရေးလုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်ရေး

စသည့် ပညာရေးလုပ်ငန်းစဉ်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း။

ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများ၊ ဘက်စုံပညာထူးချွန်ကျောင်းသား ကျောင်းသူများ၊ ဘာသာရပ်အလိုက် ထူးချွန်ကျောင်းသား ကျောင်းသူများ၊ မြန်မာနှင့် နိုင်ငံတကာလူမှုဆက်ဆံရေး ထုံးဓလေ့တတ်ကျွမ်းမှု ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ Myanmar ICT Award 2010-Educational Project ပြိုင်ပွဲ ထူးချွန်ဆုရသူများ၊ နိုင်ငံတကာစာပေအနုပညာနှင့် အားကစားပြိုင်ပွဲများတွင် ထူးချွန်စွာ နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ခဲ့ကြသည့် ပညာရေးစေတနာရှင်များအနေဖြင့် အခြေခံပညာကျောင်းအလိုက် ကျင်းပနေကြသည့် ပညာရေးစုံညီပွဲတော်များတွင် နီးကြားတက်ကြွစွာ ပါဝင်ဆင်နွှဲခြင်းဖြင့် သက်ဆိုင်ရာဒေသအလိုက် ကျောင်းသား ကျောင်းသူများ၏ ပညာရည်မြင့်မားရေးနှင့် ကျောင်း၏သွင်ပြင်လက္ခဏာ တိုးတက်ကောင်းမွန်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီပံ့ပိုးဖွယ်ရာ ကိစ္စရပ်များကို စုပေါင်းတိုင်ပင် ဆွေးနွေးကြပြီး အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းလုပ်ငန်းစဉ်များ ဖြစ်ထွန်း

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း အခြေခံပညာကျောင်းလုပ်ငန်းများ ဆောင်ရွက်မှု ထူးချွန်ဆုရ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများအား ဆုများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ဖြည့်ဆည်းပံ့ပိုး

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍများတွင် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားပညာရည် မြင့်မားရေးလုပ်ငန်းစဉ်များကို ပညာရေးဝန်ကြီးဌာနက စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ နိုင်ငံနှင့်အဝန်း ဖြန့်ကြက်တည်ရှိနေသော အခြေခံပညာကျောင်းများတွင် တက်ရောက်နေကြသော ကျောင်းသား ကျောင်းသူများ၏ ကျောင်းနေမြဲရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေး၊ ကျောင်းဥပဓိရုပ် တိုးတက်ကောင်းမွန်ရေးတို့အတွက် ဒေသအာဏာပိုင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးစေတနာရှင်များ၊ မိဘပြည်သူများအနေဖြင့်လည်း တက်ညီလက်ညီ ပူးပေါင်းပါဝင်ဖြည့်ဆည်းပံ့ပိုးပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဗဟိုအဆင့် ပညာရေးစုံညီပွဲတော်ကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၁ရက်က စတင်ကျင်းပခဲ့ရာတွင် ယခုဆိုလျှင် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပနိုင်ပြီဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူများ၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေး အစီအစဉ်အရ ကျောင်းအပ်နှံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် ထူးခြားစွာ ပညာသင်ယူခွင့်ရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ကျောင်းများနှင့် ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လုပ်ငန်းဆောင်ရွက်မှု ထူးချွန်ကျောင်းများမှ အထက်တန်းကျောင်းအုပ်ဆရာကြီး ဆရာမကြီးများအား ထူးချွန်ဆုတံဆိပ်၊ ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုဆုများကို ချီးမြှင့်ပေးအပ်နိုင်မည်ဖြစ်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ပြောကြားလိုကြောင်း။

ဖြစ်ထွန်းအောင်မြင်

နိုင်ငံတော်က အကောင်အထည်ဖော်လျက်ရှိသည့် အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းလုပ်ငန်းစဉ်များတွင် မိဘ၊ ဆရာ၊ ကျောင်းသားများ၏ ကဏ္ဍသုံးရပ်လုံး တက်ညီလက်ညီ ပူးပေါင်းပါဝင်ခြင်းဖြင့်သာ မြန်မာ့ပညာရေး မျှော်မှန်းချက်ပေါက်မြောက် အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် ပညာရေးဝန်ထမ်းများ၊ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘပြည်သူများ၊ အောင်မြင်လာရေးအတွက် ထိရောက်သည့်အစီအမံများကို ချမှတ်ဆောင်ရွက်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ-

- **ထူးချွန်ဆုရကျောင်းသား ကျောင်းသူများအနေဖြင့် နိုင်ငံတော်က အားထားရမည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ လုပ်ငန်းကဏ္ဍအလိုက် ထူးချွန်ထက်မြက်သူများအဖြစ် ပေါ်ထွန်းလာစေရေးအတွက် ဆက်လက်ကြိုးပမ်းလေ့လာ သင်ယူသွားကြပါ၊**
- **ပညာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများအနေဖြင့်လည်း အမျိုးသားပညာရည်မြင့်မားရေး စီမံကိန်းလုပ်ငန်းစဉ်များနှင့်အညီ ဆရာအတတ်ပညာအရည်အသွေးမြင့်မားရေးအတွက် အစဉ်ကြိုးပမ်းအားထုတ်ပြီး ကျောင်းသား ကျောင်းသူလူငယ်များကို ထူးချွန်ထက်မြက်သည့် ဘက်စုံပညာပြည့်ဝသူများ၊ နိုင်ငံ့သားကောင်းသမီးမွန်များ၊ ကမ္ဘာ့လူရည်မွန်များအဖြစ် ဖြစ်ထွန်းလာအောင် လေ့ကျင့်သင်ကြားပေးကြပါ။**

စာမျက်နှာ ၁၂ ကော်လံ ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့

ကမ္ဘာ့နိုင်ငံအကြီးအကဲများ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးများက လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့ကြသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် အဆွေတော်နှင့် မြန်မာပြည်သူ ပြည်သားများ အားလုံး ကျန်းမာချမ်းသာစေရန် မိမိနှင့်တကွ လာအိုပြည်သူများကိုယ်စား ဆုမွန်ကောင်းတောင်းပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်တိုးမြှင့်သွားရန် ဆန္ဒရှိပါကြောင်းစသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးထံသို့ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်က လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့ရာ၌ အဆွေတော်နှင့် မြန်မာပြည်သူ ပြည်သားများ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ လာအိုနှင့်မြန်မာနိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ဆက်လက်တိုးမြှင့်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ သောင်ဆင်းသမ်မာဗောင်က ဂုဏ်ယူဝမ်းမြောက်ကြောင်း လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

ထို့အပြင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းထံသို့လည်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ထောင်လွန်း ဆီဆုလစ်က လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့သည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ

၂၀၁၁ခုနှစ် ဇန်နဝါရီ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ ရုရှားဖက်ဒရေးရှင်းသမ္မတနိုင်ငံသမ္မတ မစ္စတာဒီမီထရီ အေမက်ဒ်ဗီဒက်ဗ်က ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့ရာ၌ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ ၂၀၁၀ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ၌ တရားမျှတ၍ လွတ်လပ်သော ရွေးကောက်ပွဲများကျင်းပပေးနိုင်သကဲ့သို့ ခေတ်မီလူမှုအဖွဲ့အစည်းတည်ဆောက်ရေးနှင့် ဒီမိုကရေစီနိုင်ငံထူထောင်ရေးအတွက် အရေးပါသည့် ခြေလှမ်းတစ်ရပ်ကို စတင်ဆောင်ရွက်နိုင်သည်ဟု ယူဆမိပါကြောင်း၊ ရုရှား-မြန်မာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တိုးတက်မှုများအတွက် နှစ်ထောင်းအားရကျေနပ်မိပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး နက်ရှိုင်းစွာ ဆက်လက်ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်မိပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဗလာဒီမာပူတင်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့ရာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်စွာ သဝဏ်လွှာပေးပို့ပါကြောင်း၊ ရှိရင်းစွဲနှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုမှသည် ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာ၊ ယဉ်ကျေးမှုနှင့် အခြားသော နယ်ပယ်ကဏ္ဍများ အပြန်အလှန် အကျိုးရှိစွာ ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်မိပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးညဏ်ဝင်းထံသို့လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး မစ္စတာ ဆာဂျီဗွီလပ်ဗ်ရော့ဗ်ထံမှ လွတ်လပ်ရေးနေ့သဝဏ်လွှာ ပေးပို့သည်။

ကမ္ဘောဒီးယားနိုင်ငံ

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ရက်၌ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်နိုရိုဒွန်သီဟာမိုနီထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့်တကွ မြန်မာနိုင်ငံသားများအားလုံးစိတ်ချမ်းမြေ့ပျော်ရွှင်ကြစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများကို ဆတက်တိုး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖော်ပြပါရှိသည်။

စင်ကာပူသမ္မတနိုင်ငံ

၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံသို့ စင်ကာပူ သမ္မတနိုင်ငံသမ္မတ မစ္စတာအက်စ်အာနာသန်ထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရာ၌ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူ ပြည်သားများ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ၂၀၁၀ခုနှစ် နိုဝင်ဘာလရွေးကောက်ပွဲများသည် ဖွံ့ဖြိုးတိုးတက်မှုနှင့်တည်ငြိမ်အေးချမ်းမှုကိုအခြေခံ၍ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း၊ ၂၀၁၅ခုနှစ် အာဆီယံစီးပွားရေး အသိုက်အမြုံ ဘုံရည်မှန်းချက် အောင်မြင်ရန် စင်ကာပူနိုင်ငံက ကူညီပေးသွားမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံသို့ စင်ကာပူသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လွန်းထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ မြန်မာနိုင်ငံ၏ နယ်ပယ်ကဏ္ဍအသီးသီး တိုးတက်ဖြစ်ထွန်းမှုများကို ဂုဏ်ယူပါကြောင်း၊ နှစ်နိုင်ငံအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်တိုးမြှင့်သွားမည်ဖြစ်ကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံသို့ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျော့ယိုးက ဂုဏ်ယူဝမ်းမြောက်ကြောင်း လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့သည်။ ။ **(ဆက်လက်ဖော်ပြပါမည်)**

စည်းကမ်းရှိဖို့လိုသည်

မြဝတီ ရုပ်မြင်သံကြား

၄-၁-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၁၅ ၅။ ဓမ္မပူဇာတေး
၇း၂၀ ၆။ မျိုးချစ်တပ်မတော်
၇း၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇း၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၆။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၂၀ ၇။ အင်္ဂလိပ်စာသုတ
၄း၂၅ ၈။ မျိုးချစ်တပ်မတော်
၄း၃၀ ၉။ ချစ်သူစုံတွဲတူယှဉ်နွဲ့
၄း၃၅ ၁၀။ မြဝတီရုပ်မြင်သံကြား မင်္ဂဇင်းကဏ္ဍ
၅း၁၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၄၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သက်တော်စောင့်** (အပိုင်း-၄)
၆း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၅။ သူတို့နှင့်သူတို့အကြိုက်
၆း၃၀ ၁၆။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိပ်မက်ကောင်းကင်** (အပိုင်း-၁၉)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ **(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအငြိမ့် မြဝတီအငြိမ့်**
၂၃။ ဟာသရုပ်စုံ
၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကျွန်းအလှနှင့်ဘဝကဗျာ** (အပိုင်း-၂၁)
၂၆။ **Mini Series**

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု
(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု
(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြု
(၆၃)နှစ်မြေ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသောအခြေခံအဆောက်အအုံများ

ပြန်ကြားရေးနှင့် ဆက်သွယ်ရေးကဏ္ဍ

ပြည်သူများ မီဒီယာကိုယ်ခံစွမ်းအားကောင်းမွန်ပြီး အသိပညာဗဟုသုတမြင့်မားလျက် အမျိုးသားအကျိုးစီးပွားကို ကောင်းစွာကာကွယ်စောင့်ရှောက်နိုင်ကြမည်

ယနေ့ကာလသည် IT (Information Technology) ခေတ်၊ ICT (Information & Communication Technology) ခေတ်ဖြစ်သည်။ အချိန်နှင့်အမျှ တရိပ်ရိပ် မြင့်မားတိုးတက်လာနေသော IT နှင့် ICT နည်းပညာများအောက်ဝယ် မီဒီယာ၏အရေးပါမှုသည်လည်း အချိန်နှင့်အမျှ ကျယ်ပြန့်ကြီးမားလာလျက်ရှိသည်။ ပျံ့နှံ့စီးဆင်းမှု အလွန်လျင်မြန်လာသကဲ့သို့ ပြည်သူများအကြား ထိရောက်ဩဇာလွှမ်းမိုးမှုကလည်း မမျှော်မှန်းနိုင်လောက်အောင် ကျယ်ပြန့်နက်ရှိုင်းလာခဲ့ပေသည်။

ထို့ကြောင့် ခေတ်နှင့်အညီ မီဒီယာ၏အရေးပါမှုကို သိမြင်နားလည်ပြီး ပြည်သူများအတွင်း ပြန်ကြားပေးရန်၊ ပညာပေးရန်၊ ဖျော်ဖြေပေးရန်ဟူသည့် မီဒီယာတာဝန်များကို ပြန်ကြားရေးဝန်ကြီးဌာနက တိုးမြှင့်ထမ်းဆောင်လျက်ရှိသည်။ အထူးသဖြင့် ယနေ့ခေတ် မီဒီယာရေစီးအဟုန်တွင်လိုက်ပါပြီး မီဒီယာနှင့် ထိတွေ့ဆက်ဆံလျက်ရှိကြသည့် ပြည်သူများ၏ မီဒီယာကိုယ်ခံစွမ်းအား မြင့်မားထက်မြက်လာအောင် အဘက်ဘက်မှ ပြန်ကြားစည်းရုံး ဖျော်ဖြေပေးလျက်ရှိသည်။ အထူးသဖြင့် မီဒီယာအင်အား သာလွန်မှုကို အရင်းပြုလျက် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်လိုကြသော အနောက်မီဒီယာများ၏ သွေးထိုးလုပ်ကြံ ထိုးနှက်ချက်များကို ပြည်သူအများ နားမယောင်စေဘဲ ပကတိအဖြစ်မှန်၊ အခြေအနေမှန်၊ အကြောင်းရင်း အမှန်များကို ပြည်သူများအတွင်း အချိန်နှင့်တစ်ပြေးညီ သိမြင်နားလည်ပြီး နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်လမ်း ဖြောင့်တန်းချောမွေ့စေရေးအတွက် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော ပြန်ကြားရေးကဏ္ဍ ဆောင်ရွက်ချက်များက ပံ့ပိုးဖြည့်ဆည်း တာဝန်ကျေလျက်ရှိနေပေသည်။

တစ်ဖက်ကလည်း နိုင်ငံတကာနှင့်ယှဉ်၍ ကျယ်ပြန့်စွာ ပြောင်းလဲဖြစ်ပေါ်တိုးတက်လျက်ရှိသည့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးကဏ္ဍ၌ နောက်ကျမကျန်ရစ်စေရန် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက အစဉ်တစိုက် မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ မျက်မှောက်ကာလ မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများသည် မြို့ပြနှင့် ကျေးလက် ဆက်သွယ်ရေးကွန်ရက်များစွာ ပေါ်ထွန်းလာမှုနှင့်အတူ အရှိန်အဟုန်ကြီးမားစွာ တိုးတက်ပြောင်းလဲ လာခဲ့ပြီဖြစ်သည်။ ဒစ်ဂျစ်တယ်မိုက္ကရိုဝေ့ဗ်စခန်းများ၊ အော်တိုတယ်လီဖုန်းအိတ်ချိန်းများ၊ မိုဘိုင်းလ်တယ်လီဖုန်းစခန်းများ စသည့် ဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံ အသစ်အသစ်များ ပေါ်ထွန်းမှုနှင့်အတူ တယ်လီဖုန်းလိုင်းအင်အားများ အချိန်နှင့်အမျှ လျင်မြန်စွာတိုးတက်လျက်ရှိသည်။ ပြည်သူများအတွင်း တယ်လီဖုန်းသုံးစွဲနိုင်မှု မြင့်တက်လာသည်နှင့်အမျှ အခြားသော ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စများအတွက်ပါ များစွာအထောက်အကူပြုလာနိုင်မည် ဖြစ်ပေသည်။

ဤကဲ့သို့ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးလုပ်ငန်းများ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လွှမ်းခြုံထိရောက်လာသည်နှင့်အမျှ ပြည်သူများ မီဒီယာကိုယ်ခံစွမ်းအားကောင်းမွန်ပြီး အသိပညာဗဟုသုတမြင့်မားလျက် အမျိုးသားအကျိုးစီးပွားကို ကောင်းစွာ ကာကွယ်စောင့်ရှောက်နိုင်ကြမည် ဖြစ်ပေသည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း
နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော ပြန်ကြားရေးကဏ္ဍ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁	ရုပ်သံလွှင့်စက်ရုံ	၁	၂	၁
၂	ရုပ်သံထပ်ဆင့်လွှင့်စက်ရုံများ	၁၅	၂၁၈	၂၀၃
၃	MRTV-4 ထပ်ဆင့်လွှင့်စက်	-	၂၉	၂၉
၄	FM ရေဒီယိုထုတ်လွှင့်မှု	-	၆	၆
၅	FM ရေဒီယိုထပ်ဆင့်လွှင့်စက်	-	၄၂	၄၂
၆	ပြန်/ဆက်ရုံးများ	-	၃၉၈	၃၉၈
၇	ပြန်/ဆက်စာကြည့်တိုက်များ	၁၁၁	၃၉၈	၂၈၇
၈	ဌာနဆိုင်ရာစာကြည့်တိုက်	-	၈၂၁	၈၂၁
၉	ကျေးလက်စာကြည့်တိုက်	-	၅၅၇၅၅	၅၅၇၅၅
၁၀	e-Library များ	-	၁၂၆	၁၂၆
၁၁	အစိုးရပုံနှိပ်စက်ရုံများ	၅	၇	၂
၁၂	ကိုယ်ပွားသတင်းစာတိုက်	-	၉	၉

FM Station များနှင့် လွှမ်းခြုံနိုင်မှုများ

စဉ်	FM အမည်	လွှမ်းခြုံနိုင်မှု
၁	ပတ္တမြား FM	ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၂	ရွှေ FM	ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်
၃	ပဒ္မဝတီ FM	ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး
၄	ချယ်ရီ FM	ကယားပြည်နယ်၊ ရှမ်းပြည်နယ်
၅	မန္တလေး FM	စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး
၆	FM ပုဂံ	ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး

Myanmar International ရုပ်သံလိုင်းအဖြစ် စတင်ထုတ်လွှင့်ခြင်းအခမ်းအနားကို နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအဆောက်အအုံ ဥပစာ၌ ကျင်းပခဲ့စဉ်ကမြင်ကွင်း….။



မြန်မာ့အလင်းသတင်းစ

ပြန်ကြားရေးဝန်ကြီးဌာန သတင်
ပုံနှိပ်ထုတ်ဝေလျက်ရှိသည့် မြန်မာ့အ
နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ်

MRTV-4, MI
တို့၏ ထုတ်

စဉ်	ရုပ်မြင်သံကြား
၁	**MRTV-4 ထုတ်လွှင့်နိုင်မှု** - ပြည်တွင်း Channel - အပြည်ပြည်ဆိုင်ရာ Channel
၂	**MI-TV ထုတ်လွှင့်နိုင်မှု** - အာရှဒေသ (အရှေ့အလယ်ပိုင်းဒေသအပါအဝင် - အာဖရိကဒေသ - ဥရောပဒေသ - မြောက်အမေရိကဒေသ - Oceania ဒေသ
၃	**Skynet -TV ထုတ်လွှင့်နိုင်မှု** - ပြည်တွင်း Channel - အပြည်ပြည်ဆိုင်ရာ Channel

ဆက်လက်ဆောင်ရွက်

ဆောင်ရွက်ဆဲလုပ်ငန်းများ
ဒစ်ဂျစ်တယ်မိုက္ကရိုဝေ့ဗ်တပ်ဆင်မှု
- တည်ဆောက်ဆဲစခန်းပေါင်း
အော်တိုတယ်လီဖုန်းတပ်ဆင်ထားရှိမှု
- တပ်ဆင်ဆဲအိတ်ချိန်း
မိုဘိုင်းလ်တယ်လီဖုန်းစနစ်များတပ်ဆင်မှု
- ဆောင်ရွက်ဆဲ GSM ရေဒီယိုစခန်း
CDMA-450 မိုဘိုင်းလ်ဖုန်း(ယာဉ်တင်)
- ဆောင်ရွက်ဆဲစခန်း
CDMA-800 WLL မိုဘိုင်းလ်ဖုန်း
- ဆောင်ရွက်ဆဲစခန်း

မြန်မာ့အလင်းသတင်းစာတိုက်နှင့် ကြေးမုံသတင်းစာတိုက်

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ နေ့စဉ်ထုတ်သတင်းစာများ ပုံနှိပ်ထုတ်ဝေလျက်ရှိသည့် မြန်မာ့အလင်းသတင်းစာတိုက်နှင့် ကြေးမုံသတင်းစာတိုက်ကို နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ်၌ ဤသို့ တွေ့ရသည်။

MRTV-4, MI-TV နှင့် Skynet-TV တို့၏ ထုတ်လွှင့်နိုင်မှုအခြေအနေ

စဉ်	ရုပ်မြင်သံကြား	အရေအတွက်	မှတ်ချက်
၁	**MRTV-4 ထုတ်လွှင့်နိုင်မှု**	၂၇ လိုင်း	
	- ပြည်တွင်း Channel	၁၃ လိုင်း	၁၅-၅-၂၀၀၄ရက်မှ စတင်ထုတ်လွှင့်လျက်ရှိ
	- အပြည်ပြည်ဆိုင်ရာ Channel	၁၄ လိုင်း	။
၂	**MI-TV ထုတ်လွှင့်နိုင်မှု**	၁၅၇ နိုင်ငံ	
	- အာရှဒေသ (အရှေ့အလယ်ပိုင်းဒေသအပါအဝင်)	၄၈ နိုင်ငံ	၃၁-၃-၂၀၁၀ ရက်မှ စတင်ထုတ်လွှင့်လျက်ရှိ
	- အာဖရိကဒေသ	၄၁ နိုင်ငံ	။
	- ဥရောပဒေသ	၅၃ နိုင်ငံ	။
	- မြောက်အမေရိကဒေသ	၁၃ နိုင်ငံ	။
	- Oceania ဒေသ	၂ နိုင်ငံ	။
၃	**Skynet -TV ထုတ်လွှင့်နိုင်မှု**	၃၈ လိုင်း	
	- ပြည်တွင်း Channel	၁၃ လိုင်း	၂၆-၁၁-၂၀၁၀ရက်မှ စတင်ထုတ်လွှင့်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း နေရာတိုင်းမှ ဖမ်းယူကြည့်ရှုနိုင်
	- အပြည်ပြည်ဆိုင်ရာ Channel	၂၅ လိုင်း	။

ဆက်လက်ဆောင်ရွက်ဆဲ ဆက်သွယ်ရေးလုပ်ငန်းများ

ဆောင်ရွက်ဆဲလုပ်ငန်းများ	ရေတွက်ပုံ	အရေအတွက်	လိုင်းအင်အား
ဒစ်ဂျစ်တယ်မိုက္ကရိုဝေ့ဗ်တပ်ဆင်မှု			
- တည်ဆောက်ဆဲစခန်းပေါင်း	ခု	၈၁	-
အော်တိုတယ်လီဖုန်းတပ်ဆင်ထားရှိမှု			
- တပ်ဆင်ဆဲအိတ်ချိန်း	ခု	၈၀	၃၅၉၆၆
မိုဘိုင်းလ်တယ်လီဖုန်းစနစ်များတပ်ဆင်မှု			
- ဆောင်ရွက်ဆဲ GSM ရေဒီယိုစခန်း	ခု	၃၀	၆၁၄၀၀
CDMA-450 မိုဘိုင်းလ်ဖုန်း(ယာဉ်တင်)			
- ဆောင်ရွက်ဆဲစခန်း	ခု	၁၅၁	၂၈၁၀၀၀
CDMA-800 WLL မိုဘိုင်းလ်ဖုန်း			
- ဆောင်ရွက်ဆဲစခန်း	ခု	၄၂	၁၀၀၀၀၀

၁၉၈၈ခုနှစ်မှ ယနေ့ကာလအထိ နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးကဏ္ဍ

အမျိုးအစား	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
စာတိုက်စခန်း	ခု	၁၁၁၄	၁၃၇၉	၂၆၅
ကြေးနန်းရုံး	ရုံး	၃၁၀	၅၁၅	၂၀၅
ဖက်စ်စီမီလီ	ခု	၁၀	၅၄၄၆	၅၄၃၆
ကွန်ပျူတာကြေးနန်း	ခု	-	၁၄၀	၁၄၀
တယ်လီဖုန်းရုံး				
- Digital အော်တိုအိတ်ချိန်း	ရုံး	၁၂	၃၉၂	၃၈၀
- လက်လှည့်အိတ်ချိန်း	ရုံး	၂၁၁	၂၉၆	၈၅
- ကျေးလက်တယ်လီဖုန်းအိတ်ချိန်း	ရုံး	-	၂၃၄	၂၃၄
တယ်လီဖုန်းလုပ်ငန်း	လိုင်း	၇၄၈၅၅	၂၂၉၇၄၁၉	၂၂၂၂၅၆၄
- ဒစ်ဂျစ်တယ်အော်တိုတယ်လီဖုန်း	လိုင်း	၁၂၀၀၀	၇၉၄၂၇၉	၇၈၂၂၇၉
- ARTS ရေဒီယိုတယ်လီဖုန်း	လုံး	-	၃၈၅၆	၃၈၅၆
- DECT ရေဒီယိုတယ်လီဖုန်း	လုံး	-	၁၉၄၉	၁၉၄၉
- CDMA(Fixed) တယ်လီဖုန်း	လုံး	-	၂၀၀၃၈	၂၀၀၃၈
မိုဘိုင်းလ်တယ်လီဖုန်းလုပ်ငန်း	လုံး	-	၁၄၃၅၂၅၀	၁၄၃၅၂၅၀
- CDMA (Mobile) တယ်လီဖုန်း	လုံး	-	၅၈၃၇၅၀	၅၈၃၇၅၀
- CDMA-800	လုံး	-	၂၅၀၀၀၀	၂၅၀၀၀၀
- D-AMPS တယ်လီဖုန်း	လုံး	-	၃၈၄၀၀	၃၈၄၀၀
- GSM တယ်လီဖုန်း	လုံး	-	၄၈၅၁၀၀	၄၈၅၁၀၀
- WCDMA တယ်လီဖုန်း	လုံး	-	၂၈၀၀၀	၂၈၀၀၀
- Mc WLL တယ်လီဖုန်း	လုံး	-	၅၀၀၀၀	၅၀၀၀၀
တယ်လီဖုန်းသိပ်သည်းဆ	(လူ ၁၀၀၀ လျှင်)	၁.၉၂	၃၉.၉၅	၃၈.၀၃
အီးမေးလ်/အင်တာနက်	ခု	-	၇၈၈၅	၇၈၈၅
ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးမြေပြင်စခန်း	ခု	-	၁၈၂၅	၁၈၂၅
ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေးချန်နယ်	ခု	-	၇၃၀၀	၇၃၀၀
အပြည်ပြည်ဆိုင်ရာတယ်လီဖုန်းချန်နယ်	ခု	၂၆	၄၀၂၅	၃၉၉၉
အဝေးဆက်သွယ်ရေးဆက်ကြောင်းများ				
- ပြည်ပဂြိုဟ်တုဆက်သွယ်ရေးမြေပြင်စခန်း	ခု	၁	၂	၁
- ပြည်ပဂြိုဟ်တုဆက်သွယ်ရေးချန်နယ်	ခု	၂၆	၈၀၄	၇၇၈
- ပြည်ပရေအောက်ကေဘယ်လ်ဆက်သွယ်ရေးချန်နယ်	ခု	-	၁၈၁၅	၁၈၁၅
- ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်း	မိုင်	-	၁၃၄၈	၁၃၄၈
- ကုန်းတွင်းနယ်စပ်ဖြတ်ကျော် ဖိုင်ဘာကေဘယ်လ်ဆက်ကြောင်း	ခု	-	၁၄၀၆	၁၄၀၆
- Digital မိုက္ကရိုဆက်ကြောင်း	စခန်း	-	၃၁၆	၃၁၆
- အင်နာလော့ဂ် မိုက္ကရိုဆက်ကြောင်း	စခန်း	၇၁	-	Digital ပြောင်း
- ကယ်ရီယာ	စခန်း	၁၂၄	-	Digital ပြောင်း

နေပြည်တော်ရှိ အော်တိုအိတ်ချိန်းနှင့် မိုက္ကရိုတာဝါတိုင်ကို တွေ့ရစဉ်။

တောင်ပိုင်းစွန်းဒေသများ ကွက်ကျားမိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၃

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ၊ ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

ဇန်နဝါရီ ၄ရက်ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာဖွယ်ရာရှိပြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန် ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ထူးခြားသည့် ညအပူချိန်များ

၃-၁-၂၀၁၁

ပင်လောင်းမြို့	၂ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၄ ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့	၄ ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့	၄ ဒီဂရီစင်တီဂရိတ်
လားရှိုးမြို့	၅ ဒီဂရီစင်တီဂရိတ်

လွတ်လပ်ရေးနေ့ဂုဏ်ပြု မိုးညှင်းမြို့နယ်၌ အဝီစိတွင်းဖွင့်

မိုးညှင်း ဇန်နဝါရီ ၃

(၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သော မိုးသစ္စာကျေးရွာ အဝီစိတွင်းဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ရက် နံနက် ၉နာရီက အဆိုပါကျေးရွာ၌ ကျင်းပရာ ရှေးဦးစွာ လုပ်ငန်းဆိုင်ရာ အချက်အလက်များကို မြို့နယ်စည်ပင်သာယာရေး အဖွဲ့ တာဝန်ခံအင်ဂျင်နီယာ ဦးစိန်လှအောင် ကရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဝေမောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်မိုးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျေးရွာမှ ပြည်သူများ ရေခပ်ယူအသုံးပြုနေမှုကို ကြည့်ရှုအားပေးကြသည်။

(မြို့နယ်စည်ပင်)

အမှာစကား ပြောကြား

ဖျာပုံမြို့နယ် အကြိုအခြေခံ မီးသတ်သင်တန်း အမှတ်စဉ် (၁/၂၀၁၀)ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ရက်က မြို့နယ်မီးသတ်တပ်ဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ထင် အမှာစကားပြောကြားစဉ်။

(၁၅၅)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၄-၁-၂၀၁၁ (အင်္ဂါနေ့)
(၁၃၇၂ခုနှစ်၊ နတ်တော်လကွယ်နေ့၊ ဥပုသ်နေ့)

နံနက်ပိုင်း

- ၆း၄၅ ၁။ ၂၀၁၁ခုနှစ်၊ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော် အလံအလေးပြုပွဲအခမ်းအနား ကျင်းပပုံတိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
- ၇း၇၅ ၂။ (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၃၀ ၃။ လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ်(ပြန်ကြားရေးဝန်ကြီးဌာန၊ နိုင်ငံတော်ဆိုင်းအဖွဲ့ဖျော်ဖြေခန်း)
- ၈း၅၀ ၄။ International News
- ၉း၀၀ ၅။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၅ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၄း၄၀ ၄။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄း၅၅ ၅။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၅း၀၅ ၆။ ရင်မှာစွဲထင်တေးအလှသံစဉ်
- ၅း၁၅ ၇။ (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၅း၃၀ ၈။ **ကြယ်စင်ဥယျာဉ်**
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ **ကြယ်ပွင့်များရဲ့ရင်ခုန်သံ**
- ၆း၃၅ ၁၂။ (၆၃)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
- ၇း၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းပွင့်သစ္စာ** (အပိုင်း-၂၂)
- ၇း၄၀ ၁၄။ **သမိုင်းမော်ကွန်း ထွန်းသစ်ဝေစည်မြန်မာပြည်** (စွမ်းအင်၊ လျှပ်စစ်ကဏ္ဍ)
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **ရယ်စရာဟာသများ**
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေးနောက်ဆုံးချစ်ပုံပြင်** (ပထမပိုင်း) (အပိုင်း-၂၀)
- ၂၀။ **ရုပ်ရှင်ပဟေဠိ**
- ၂၁။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာ ဘာဝနာပွားများခြင်း တရားတော်
- ၂၂။ အစီအစဉ်ပြီး၏။

အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒဂုံမြို့နယ်၏ ၂၀၁၀-၂၀၁၁ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ကျောင်းခန်းမ၌ကျင်းပရာ သူငယ်တော်အကဖြင့် ဧည့်ခံဖျော်ဖြေစဉ်။ (ပညာရေး)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

➤ ➤ ➤ မိုးမြင့်လင်းလက် - စုစည်းသည် ➤ ➤ ➤

ဟာရှယ်ကျွန်းကမ်းလွန်၌ သင်္ဘောတစ်စင်းနစ်မြုပ် သင်္ဘောသား ၂၀ ပျောက်ဆုံး

ဝယ်လ်လင်တန် ဇန်နဝါရီ ၃

နယူးဇီလန်နိုင်ငံကမ်းလွန် မာရှယ်ကျွန်းစုရှိ မာဂျူရိုမြို့မှ ကီလိုမီတာ ၁၃၀ခန့်အကွာ ရေပြင်၌ ဇန်နဝါရီ ၂ရက်က သင်္ဘောတစ်စင်းနစ်မြုပ်ခဲ့ရာ သင်္ဘောသား ၂၀ပျောက်ဆုံးလျက်ရှိကြောင်း နယူးဇီလန်မီဒီယာများက ဖော်ပြသည်။ (အောက်ပုံ)

ဆောက်လုပ်ရေးပစ္စည်းတင်ဆောင်

မာရှယ်ကျွန်းစုသင်္ဘောလုပ်ငန်းမှ ပြောကြားချက်အရ ၄င်းသင်္ဘောမှာ အရှည် ၂၇မီတာရှိပြီး စာသင်ကျောင်းတစ်ကျောင်း ဆောက်လုပ်ရန်အတွက် ဆောက်လုပ်ရေးပစ္စည်းများ တင်ဆောင်လာသော သင်္ဘောဖြစ်သည်ဟု ဆို၏။

သင်္ဘောမနစ်မြုပ်မီ သင်္ဘောသားများသည် အရေးပေါ်အသက်ကယ်အင်္ကျီများ လုံလောက်စွာနှင့် အသက်ကယ်လှေနှစ်စင်းဖြင့် သင်္ဘောမှ ထွက်ခွာသွားနိုင်ခဲ့ကြောင်း မာရှယ်ကျွန်းစုသင်္ဘောလုပ်ငန်းမှ တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်၌ရေလွှမ်း

ဆစ်ဒနီ ဇန်နဝါရီ ၃

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် ဇန်နဝါရီ ၃ရက်က လေပြင်းမုန်တိုင်း တိုက်ခတ်ပြီး မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားခဲ့ရာ ဒေသခံပြည်သူ ၂၀၀၀၀၀ကျော် ရေဘေးဒုက္ခကြုံတွေ့နေရကြောင်း ဩစတြေးလျအရာရှိများက ပြောကြားသည်။ ***(အပေါ်ပုံ)***

ပြောကြား

ကွင်းစလန်းပြည်နယ်တွင် မြို့ပေါင်း ၂၀ ကျော်ရေလွှမ်းလျက်ရှိရာ ယင်းအကျယ်အဝန်းမှာ ပြင်သစ်နှင့် ဂျာမနီနိုင်ငံအရွယ်အစားခန့် ကျယ်ဝန်းကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။

ကွင်းစလန်းပြည်နယ်အတွင်း လူအချို့လည်းပျောက်ဆုံးနေကြောင်း၊ အချို့နေရာတွင် ပေ ၃၀ အမြင့်အထိ ရေများလွှမ်းလျက်ရှိရာ ဩစတြေးလျနိုင်ငံ သမိုင်းတစ်လျှောက်တွင် အဆိုးရွားဆုံး ရေလွှမ်းမှုပင်ဖြစ်သည်။

(အင်တာနက်)

စပိန်၌ ဆေးလိပ်သောက်သုံးမှုတားမြစ်

မက်ဒရစ် ဇန်နဝါရီ ၃

စပိန်နိုင်ငံတစ်ဝန်း စားသောက်ဆိုင်များ၊ စာသင်ကျောင်းပရဝဏ်များ၊ ဆေးရုံများနှင့် ကော်ဖီဆိုင်များတွင် ဆေးလိပ်သောက်သုံးခြင်းမပြုရန် စပိန်အာဏာပိုင်များက ဇန်နဝါရီ ၃ ရက်၌ အမိန့်ထုတ်ပြန်လိုက်သည်။ စပိန်နိုင်ငံတွင် ဆေးလိပ်မသောက်သုံးရန် ၂၀၀၆ခုနှစ်ကပင် ဥပဒေရေးဆွဲထားခဲ့မှုကို ယခုအခါ အကောင်အထည်ဖော်လိုက်ခြင်းဖြစ်သည်။ (အောက်ပုံ)

စပိန်နိုင်ငံတစ်ဝန်း၌ ကော်ဖီဆိုင်ယဉ်ကျေးမှု ထွန်းကားသည်ဖြစ်ရာ ကော်ဖီဆိုင်များနှင့်စားသောက်ဆိုင်များတွင် ဆေးလိပ်သောက်သုံးမှု များပြားလျက်ရှိသည်။ ယခုအခါ ဆေးလိပ်မသောက်ရဥပဒေကြောင့် စီးပွားရေးသမားများအတွက် ထိခိုက်စေမည်ဖြစ်သည်။

ယခင်က စပိန်နိုင်ငံ၏ ကော်ဖီဆိုင်များ၊ စားသောက်ဆိုင်များတွင် ဆေးလိပ်သောက်သုံးနိုင်သည့်နေရာများ သတ်မှတ်ပေးခဲ့သော်လည်း ယခုအခါ ဆေးလိပ်သောက်ခွင့် လုံးဝတားမြစ်လိုက်ခြင်းဖြစ်သည်။ ယခုတားမြစ်ချက်ကြောင့် ဟိုတယ်၊ မိုတယ်၊ အင်းနှင့် စားသောက်ဆိုင်များတွင် ဝင်ငွေ ၁၀ရာခိုင်နှုန်းခန့်ကျဆင်းသွားမည်ဟု လုပ်ငန်းရှင်များက သုံးသပ်လျက်ရှိသည်။ စပိန်နိုင်ငံတွင် ဆေးလိပ်သောက်သုံးခြင်းနှင့် တစ်ဆင့်ခံရှူရှိုက်မိခြင်းတို့ကြောင့် ဖြစ်ပွားသောရောဂါများဖြင့် တစ်နေ့လျှင် လူ ၁၅၀ခန့် သေဆုံးလျက်ရှိသည်။

(အင်တာနက်)

ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်း လမ်းပိုင်းအလိုက် ယာဉ်ဖြတ်သန်းခကောက်ခံမည့် နှုန်းထားများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဇန်နဝါရီ ၃

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး(နေပြည်တော်-ရန်ကုန်လမ်းပိုင်း)ကို ၂၀၀၉ခုနှစ် မတ်၂၅ရက်တွင်လည်းကောင်း၊ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး(နေပြည်တော်-မန္တလေးလမ်းပိုင်း)ကို ၂၀၁၀ခုနှစ် ဒီဇင်ဘာ ၂၉ရက်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့သဖြင့် ယခုအခါ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို တစ်ဆက်တစ်စပ်တည်း အသုံးပြုသွားလာနိုင်ကြပြီ ဖြစ်သည်။

အဆိုပါအမြန်လမ်းမကြီးအသုံးပြု၍ သွားလာကြမည့် မော်တော်ယာဉ်များအတွက် ယာဉ်ဖြတ်သန်းခများကို ဇန်နဝါရီ ၆ရက်မှစ၍ ကောက်ခံသွားမည်ဖြစ်ရာ ယာဉ်ဖြတ်သန်းခ ကောက်ခံမည့် နှုန်းထားများမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရသည်-

အမှတ်(၃)လမ်းဆုံဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
အမှတ်(၃)လမ်းဆုံမှ ဖြူး	၁၅၀၀ိ	၃၀၀၀ိ	၄၅၀၀ိ	၇၅၀၀ိ
အမှတ်(၃)လမ်းဆုံမှ နေပြည်တော်	၂၅၀၀ိ	၅၀၀၀ိ	၇၅၀၀ိ	၁၂၅၀၀ိ
အမှတ်(၃)လမ်းဆုံမှမိတ္ထီလာ(သီးကုန်း)	၃၅၀၀ိ	၇၀၀၀ိ	၁၀၅၀၀ိ	၁၇၅၀၀ိ
အမှတ်(၃)လမ်းဆုံမှ စကားအင်း(မန္တလေး)	၄၅၀၀ိ	၉၀၀၀ိ	၁၃၅၀၀ိ	၂၂၅၀၀ိ

ဖြူးဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
ဖြူးမှ နေပြည်တော်	၁၀၀၀ိ	၂၀၀၀ိ	၃၀၀၀ိ	၅၀၀၀ိ
ဖြူးမှ မိတ္ထီလာ(သီးကုန်း)	၂၀၀၀ိ	၄၀၀၀ိ	၆၀၀၀ိ	၁၀၀၀၀ိ
ဖြူးမှ စကားအင်း(မန္တလေး)	၃၀၀၀ိ	၆၀၀၀ိ	၉၀၀၀ိ	၁၅၀၀၀ိ
ဖြူးမှ အမှတ်(၃)လမ်းဆုံ	၁၅၀၀ိ	၃၀၀၀ိ	၄၅၀၀ိ	၇၅၀၀ိ

နေပြည်တော်ဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
နေပြည်တော်မှ မိတ္ထီလာ(သီးကုန်း)	၁၀၀၀ိ	၂၀၀၀ိ	၃၀၀၀ိ	၅၀၀၀ိ
နေပြည်တော်မှ စကားအင်း(မန္တလေး)	၂၀၀၀ိ	၄၀၀၀ိ	၆၀၀၀ိ	၁၀၀၀၀ိ
နေပြည်တော်မှ ဖြူး	၁၀၀၀ိ	၂၀၀၀ိ	၃၀၀၀ိ	၅၀၀၀ိ
နေပြည်တော်မှ အမှတ်(၃)လမ်းဆုံ	၂၅၀၀ိ	၅၀၀၀ိ	၇၅၀၀ိ	၁၂၅၀၀ိ

မိတ္ထီလာ (သီးကုန်း) ဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
မိတ္ထီလာ(သီးကုန်း)မှ စကားအင်း(မန္တလေး)	၁၀၀၀ိ	၂၀၀၀ိ	၃၀၀၀ိ	၅၀၀၀ိ
မိတ္ထီလာ(သီးကုန်း)မှ နေပြည်တော်	၁၀၀၀ိ	၂၀၀၀ိ	၃၀၀၀ိ	၅၀၀၀ိ
မိတ္ထီလာ(သီးကုန်း)မှ ဖြူး	၂၀၀၀ိ	၄၀၀၀ိ	၆၀၀၀ိ	၁၀၀၀၀ိ
မိတ္ထီလာ(သီးကုန်း)မှ အမှတ်(၃)လမ်းဆုံ	၃၅၀၀ိ	၇၀၀၀ိ	၁၀၅၀၀ိ	၁၇၅၀၀ိ

စကားအင်း(မန္တလေး) ဂိတ်

လမ်းပိုင်းအမည်	၁ တန်အောက်	၃ တန်အောက်	၅ တန်အောက်	၁၀ တန်အောက်
စကားအင်း(မန္တလေး)မှ မိတ္ထီလာ(သီးကုန်း)	၁၀၀၀ိ	၂၀၀၀ိ	၃၀၀၀ိ	၅၀၀၀ိ
စကားအင်း(မန္တလေး)မှ နေပြည်တော်	၂၀၀၀ိ	၄၀၀၀ိ	၆၀၀၀ိ	၁၀၀၀၀ိ
စကားအင်း(မန္တလေး)မှ ဖြူး	၃၀၀၀ိ	၆၀၀၀ိ	၉၀၀၀ိ	၁၅၀၀၀ိ
စကားအင်း(မန္တလေး)မှ အမှတ်(၃)လမ်းဆုံ	၄၅၀၀ိ	၉၀၀၀ိ	၁၃၅၀၀ိ	၂၂၅၀၀ိ

(သတင်းစဉ်)

မီးငြှိမ်းသတ်မှု သရုပ်ပြပွဲ သီပေါ၌ ကျင်းပ

သီပေါ ဇန်နဝါရီ ၃

သီပေါမြို့နယ် မြို့မဈေးနှင့်ပုံကျဈေး ဈေးသူဈေးသားများအား ဈေးများ လုံခြုံရေးပညာပေးဟောပြောပွဲနှင့် မီးငြှိမ်းသတ်သရုပ်ပြပွဲကို နိုဝင်ဘာ၂၉ရက်က အဆိုပါဈေး၌ကျင်းပရာ သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးခင်မောင်ဝင်းနှင့်မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကိုကိုဦးတို့ ပညာပေးသရုပ်ပြ ဟောပြောခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကိုယ်အင်္ဂါ မသန်စွမ်းသူများအသင်း ရုံးခွဲဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၃

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းက ကွမ်းခြံကုန်းရုံးခွဲဖွင့်လှစ်ပွဲကို ဒီဇင်ဘာ ၂၅ရက်က အမှတ်(၁၀) မင်းသုဝဏ်လမ်း တောင်ဘက်ပိုင်းရပ်ကွက်၌ ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ မြို့နယ်ပညာရေးမှူးတို့က အမှာစကား ပြောကြားသည်။ ထို့နောက် ရုံးခွဲအလုပ်အမှုဆောင်အဖွဲ့ဝင်များအား မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဦးမြတ်ဦးက ဖတ်ကြား အတည်ပြုကြေညာသည်။

ဆက်လက်၍ ရုံးချုပ်မှ အထောက်အကူပြုပစ္စည်းများနှင့် ဘေဘီဗိုက်တာ ဆေးဝါးထုတ်လုပ်ရေးက ငွေကျပ် ၅၀၀၀၀တို့ကို လှူဒါန်းပြီး ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ မသန်စွမ်းသော ကလေးငယ် ၁၁ဦးတို့အား အခမဲ့ဆေးကုသပေးခဲ့သည်။

အလားတူ ဖျာပုံရုံးခွဲကိုလည်း ဒီဇင်ဘာ ၂၈ရက်က အမှတ်၂၈ မဟာဗန္ဓုလ ၇လမ်း (၉)ရပ်ကွက်၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတို့ တက်ရောက်အမှာစကားပြောကြားပြီး အသင်းရုံးချုပ်မှ မသန်စွမ်းသုံး အထောက်အကူပြုပစ္စည်းများနှင့် ဘေဘီဗိုက်တာ ဆေးဝါးလုပ်ငန်းက ငွေကျပ် ၅၀၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ (၁၀၃)

ရေးမြို့၌ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေးဆွေးနွေး

ရေး ဇန်နဝါရီ ၃

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၇ရက်က ရေးမြို့နယ် ဒူးယားကျေးရွာအထက(ခွဲ)ကျောင်း တလမွန်ခန်းမ၌ကျင်းပသည်။

ရေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းနိုင်ဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှိုင်ဝင်းအောင်၊ မြို့နယ်တရားသူကြီး ဦးနီထွန်းဦး၊ မြို့နယ်ဥပဒေအရာရှိ ဦးစထွန်းအောင်နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့မှ ဒုတိယရဲအုပ်ဌေးလွင်တို့က လူကုန်ကူးမှုတားဆီးရေးနှင့် ပတ်သက်သော သိကောင်းစရာများကို ဆွေးနွေးကြပြီး **(အောက်ပုံ)** ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ယဉ်ကျေးမှုတက္ကသိုလ် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပရေးစည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၃

ယဉ်ကျေးမှုတက္ကသိုလ် (ယခု အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်) ကျောင်းသား ကျောင်းသူဟောင်းများဦးစီး၍ အာစရိယပူဇော်ပွဲ ကျင်းပရေး အစည်းအဝေးကို ဇန်နဝါရီ ၆ရက် မွန်းတည့် ၁၂နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) ယဉ်ကျေးမှုတက္ကသိုလ်ကျောင်း၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ ဦးမောင်မောင်ဇော်ထက် ဖုန်း-၀၉-၅၁၆၆၂၈၃၁၊ ကိုငြိမ်းချမ်းဦး ဖုန်း-၀၉-၄၉၂၂၀၂၁၃၊ ဦးမြင့်စိုးဦး ဖုန်း-၇၃၀-၈၀၈၃၅၊ ဦးဖြိုးဝေညွန့် ဖုန်း-၀၉-၅၄၁၀၃၉၀၊ မခင်ထက်ဝေ ဖုန်း-၀၉-၈၅၁၆၄၀၄နှင့် မနှင်းနှင်းဌေးရီ ဖုန်း-၇၃၁-၀၆၈၆၂ တို့ထံသို့ ဆက်သွယ်တက်ရောက်နိုင်ကြောင်း သိရသည်။ (မြန်မာ့အလင်း)

လွတ်လပ်ရေးနေ့ ဂုဏ်ပြု စက်ရေတွင်းနှင့်လမ်းများဖွင့်

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ပညာ့သိပ္ပံတိုးချဲ့ကတ္တရာလမ်းဖွင့်ပွဲကို အဆိုပါလမ်းထိပ်မုခ်ဦး၌ ဇန်နဝါရီ ၁ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းအောင်ခင်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ငှက်ကြီးသိုက်ကျေးရွာ နှစ်လက်မစက်ရေတွင်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က အဆိုပါမုခ်ဦးရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်နိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ ဦးသိန်းကျော်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (မြို့နယ်စည်ပင်)



ပေါက်ခေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော အမှတ် (၁)ရပ်ကွက် အောင်ရတနာကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၈ရက်က အဆိုပါမုခ်ဦးရှေ့၌ ကျင်းပရာ အမှတ် (၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးညိုအေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးနိုင်ဝင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့ အမှတ်(၁)ရပ်ကွက် လေးမျက်နှာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ၂၆ရက်က အဆိုပါလမ်းဖွင့်ပွဲမုခ်ဦး၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမင်းအောင်မြင့်စိုးနှင့် မြို့မိမြို့ဖ ဦးကိုကိုအောင်တို့ ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၆ မှ

- **ပညာရေးစေတနာရှင် မိဘပြည်သူများ အနေဖြင့်လည်း တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးအတွက် ဒေသအာဏာပိုင်များ၊ ပညာရေးဝန်ထမ်းများ၊ ဆရာဆရာမများနှင့် အပြည့်အဝပူးပေါင်းပါဝင်ကူညီပံ့ပိုးပေးကြပါ**

ဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ပညာရေးလုပ်ငန်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုသီဆို

ထို့နောက် နေပြည်တော်ခရိုင် ပျဉ်းမနား အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **'ဘက်စုံဆင်နွှဲဆုနှင်းပွဲ'** သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးတို့ထံ ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အထိမ်းအမှတ် ဂုဏ်ပြုလက်ဆောင်များကို ဂါရဝပြု ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁)သီဟသူရဦးတင်အောင်မြင့်ဦးက ၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဆုများချီးမြှင့်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးက ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝိဇ္ဇာဘာသာတွဲဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဝန်ကြီးဒေါက်တာချမ်းငြိမ်း၊ ဝန်ကြီးဦးဌေးဦး၊ ဝန်ကြီးဦးသောင်း၊ ဝန်ကြီးဒေါက်တာကျော်မြင့်နှင့် ဝန်ကြီးဦးကျော်ဆန်းတို့က အခြေခံပညာကျောင်းလုပ်ငန်းများဆောင်ရွက်မှု ထူးချွန်ဆုရ အခြေခံပညာ အထက်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဒသမတန်း ဘက်စုံပညာ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ အဋ္ဌမတန်း ဘက်စုံပညာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ အခြေခံပညာမူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်စွမ်းရည်ပြိုင်ပွဲတွင် အင်္ဂလိပ်စာ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် သင်္ချာထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နေပြည်တော် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **'စုံညီပွဲတော် ဒို့နွှဲပျော်'** သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေကြသည်။

ထူးချွန်ဆုများပေးအပ်

ဆက်လက်၍ ဝန်ကြီး ဦးလှထွန်း၊ ဝန်ကြီး ဦးစိုးနိုင်၊ ဝန်ကြီး ဦးသိန်းဇော်၊ ဝန်ကြီး ဦးဉာဏ်ဝင်း၊ ဝန်ကြီး သူရဦးအေးမြင့်၊ ဝန်ကြီး ဦးခင်မောင်မြင့်နှင့် ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းတို့က မြန်မာနိုင်ငံ သင်္ချာ အိုလံပစ်ပြိုင်ပွဲနှင့် မြန်မာနှင့်နိုင်ငံတကာလူမှုဆက်ဆံရေး ထုံးဓလေ့တတ်ကျွမ်းမှုပြိုင်ပွဲတို့တွင် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများ၊ Myanmar ICT Award 2010- Educational Project Competition ပြိုင်ပွဲတွင် အကောင်းဆုံးဆုရရှိကြသူများ၊ နိုင်ငံတကာပန်းချီပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများ၊ အပြည်ပြည်ဆိုင်ရာ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းနှင့် ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းဆောင်ရွက်မှု ထူးချွန်ကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးစီမံချက်အရ ထူးခြားသည့် ကျောင်းသားများနှင့် ဂုဏ်ထူးဆောင်ကျောင်းသားကျောင်းသူများအား ထူးချွန်ဆုများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

ဖျော်ဖြေတင်ဆက်

ထို့နောက် နေပြည်တော်ခရိုင် ပျဉ်းမနား အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက **'ဇာတိမာန်'** သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေတင်ဆက်ကြပြီး ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(သတင်းစဉ်)

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့သစ်၊ (၈)ရပ်ကွက်၊ ရာကျော်(၁)လမ်း၊
အမှတ် ၃၆(က)နေ
ဒေါက်တာသိန်းမော်(မင်းမင်းဆေးခန်း၊ ပေါက်တော၊ အင်းစိန်)နှင့်
ဒေါ်ရီလေးလွင် (Winnie ဌာနစုမှူး-ငြိမ်း၊ အိမ်တွင်းစက်/လက်ဦးစီး)တို့၏သားကြီး၊
မလင်းလင်းသိန်းမော် M.C.Sc (Thesis) UCSY, PGD in System Analysis, ISS (NUS) Singapore, Software Developer Timios Sol Pte., Ltd. Singapore ၏ အစ်ကို

ဒေါက်တာမင်းသိန်းမော် M.B.,B.S (Ygn)

လက်ထောက်ဆရာဝန်၊ ရန်ကုန်အရိုးရောဂါကုဆေးရုံကြီး၊ ကြည့်မြင်တိုင် (မင်းမင်းဆေးခန်း၊ ကမ်းနားအလယ်၊ အင်းစိန်)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ပိတောက်လမ်း၊ အမှတ်(၈/၈)နေ
ဦးအောင်ဌေး-ဒေါ်နွဲ့နွဲ့ကြည်(ကြံခင်းမောင်ပွဲရုံ)တို့၏တူမ၊
ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့၊ အေးမင်္ဂလာလမ်းနေ
ဦးချစ်တင်-ဒေါ်တင်တင်ယဉ်တို့၏သမီး

မခင်စန္ဒာဝင်း

(Sophi Lin) B.Med. Tech (Physiotherapy)
Medical Promoter, Mega We Care Co.,Ltd.

တို့သည် ၂-၁-၂၀၁၁ရက်တွင် နှစ်ဖက်မိဘဆွေမျိုးများရှေ့၌ ခေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။
နှစ်ဖက်သောမိဘများနှင့် ဒေါက်တာမင်းသိန်းမော်-မခင်စန္ဒာဝင်း။

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ အဆင့်မြင့်ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကြီး

ကျင်းပမည့်မြို့	-	မြိတ်မြို့
ကျင်းပမည့်ရက်	-	၁၁-၁-၂၀၁၁ရက်မှ ၁၆-၁-၂၀၁၁ရက်အထိ
ကျင်းပမည့်နေရာ	-	မြို့မအားကစားကွင်း။
ကျင်းပမည့်မြို့	-	ကော့သောင်းမြို့
ကျင်းပမည့်ရက်	-	၂၀-၁-၂၀၁၁ရက် မှ ၂၅-၁-၂၀၁၁ရက်အထိ
ကျင်းပမည့်နေရာ	-	ရန်ကြီးအောင်အားကစားကွင်း။
ကျင်းပမည့်မြို့	-	ဘုတ်ပြင်းမြို့
ကျင်းပမည့်ရက်	-	၂၉-၁-၂၀၁၁ရက် မှ ၃-၂-၂၀၁၁ရက်အထိ
ကျင်းပမည့်နေရာ	-	ဘုရားကွင်း။
ဆက်သွယ်ရန်လိပ်စာ	-	မြင့်သော်တာထွန်းကုမ္ပဏီလီမိတက်၊ ဖုန်း-၀၁-၆၉၁၆၇၃၊

၀၉-၈၆-၃၅၈၃၂၊ ၀၉-၈၆-၃၅၀၃၂၊ ၀၉-၄၉-၂၄၂၂၉၂၊ ၀၉-၄၉-၂၇၃၄၁၁။

ကုန်အမှတ်တံဆိပ်အမှတ်အသားအား တစ်ဦးတည်းမူပိုင်အဖြစ် မှတ်ပုံတင်သွင်းထားပြီးဖြစ်ကြောင်း အများသိရှိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၇၄၄၊ သံဈေးအဆင့်မြင့်ကွန်ဒိုအဆောက်အအုံတွင် ဖွင့်လှစ်ထားသည့် အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားကို မူလပိုင်ရှင် ဦးကျင်ခဲ(ခ)လောင်အီကျင် ၁၂/လသန(နိုင်)၀၁၇၉၆၈က သားနှစ်ဦးကိုသာ အဆိုပါအမှတ်တံဆိပ်ကို သုံးစွဲအသုံးပြုရန် ခွင့်ပြုသည့်အတွက် ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ် (၄/၅၀၀၅-၂၀၀၉)ဖြင့် ဦးလောင်တိတ်အိန်(ခ)ဦးသန်းနိုင် ၁၂/ကတတ(နိုင်)၀၁၃၇၀၁နှင့် ဦးလောင်တိတ်ချောင်း(ခ)ဦးမောင်မောင်ထွေး ၁၂/လသန(နိုင်)၀၁၇၀၈၃တို့သာ မူပိုင်အမှတ်အသားအဖြစ် မှတ်ပုံတင်ခဲ့ပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ရွှေလီရတနာရွှေဆိုင်ကုန်အမှတ်တံဆိပ်နှင့် အမည်အမှတ်အသားကို အသုံးပြု၍ ရန်ကုန်မြို့၊ လသာမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၇၄၄၊ သံဈေးအဆင့်မြင့်ကွန်ဒိုအဆောက်အအုံတွင် ပင်ရင်းဆိုင်တစ်ဆိုင်၊ F.M.I Centre အမှတ်(၂၄/၂၅)၊ ပထမထပ်တွင် တစ်ဆိုင်၊ စုစုပေါင်းနှစ်ဆိုင်တည်းကိုသာ သားနှစ်ဦးအား လွှဲပြောင်းလုပ်ကိုင်ခွင့်ပြုထားပြီး အခြားမည်သည့်မြို့၊ ဒေသတွင်မဆို ဆိုင်ခွဲဖွင့်လှစ်ထားခြင်းမရှိကြောင်း မိတ်ဟောင်း၊ မိတ်သစ်များအား အသိပေးအကြောင်းကြားအပ်ပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်အမှတ်အသားတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူ ယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားပြုလုပ်၍သော်လည်းကောင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ဦးကျင်ခဲ(ခ)လောင်အီကျင်၊ ဦးလောင်တိတ်အိန်(ခ)ဦးသန်းနိုင်၊ ဦးလောင်တိတ်ချောင်း(ခ)ဦးမောင်မောင်ထွေးတို့၏
လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အေးအေးရီ (LL.B)
တရားရုံးချုပ်ရှေ့နေ(၄၃၇၃)

ဒေါ်လှလှခိုင် (LL.B)
တရားရုံးချုပ်ရှေ့နေ(၅၄၁၀)

တိုက်(၉/၁၁)၊ အခန်း (၂၀၁-အေ)၊ ဒုတိယထပ်၊ ၃၆လမ်း(အောက်ဆုံး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ ဇာတ်တော်ကြီးများတင်ဆက်ကပြမည်

မြန်မာ့သဘင်လောကတွင် 'နေ'တစ်ဆူ 'လ'တစ်ဆူပမာ ထင်ရှားခဲ့ကြသော ပညာရှင်ကြီးများကို ပြန်လည်အမှတ်ရ ဂုဏ်ပြုခြင်းအားဖြင့် လည်းကောင်း၊ နောင်လာနောက်သား သဘင်ပညာရှင်များအား မြန်မာ့ယဉ်ကျေးမှု အနုပညာအမွေကို လက်ဆင့်ကမ်းရန်အတွက်လည်းကောင်း

အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်၏
မဟာဗုဒ္ဓဝင် ဖွားတော်မူခန်းနှင့်
ရွှေကျီးညို၊ ပဲခူးမြ တို့၏
"သဒ္ဒါသုမနဇာတ်တော်ကြီး"
တို့ကို
ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ
(ရွှေတံဆိပ်ဆုများရှင်) မင်းသားဉာဏ်ဝင်း၊
မင်းသားသူရဝင်း (ရွှေတံဆိပ်ဆုများရှင်)
မင်းသမီးမြင့်မြင့်ကြည်၊ မင်းသမီးခိုင်သဇင်သင်း
တို့နှင့်အတူ ဝါရင့်အနုပညာရှင်များက
မူရင်းဇာတ်၏ "ဇာတ်စာ၊ ဇာတ်စကား၊ ငိုချင်း"များအတိုင်း
တင်ဆက်ကပြမည် ဖြစ်ပါသည်။

တင်ဆက်ကပြမည့်နေ့ရက်	-	၂၀၁၁ခုနှစ် ဇန်နဝါရီလ ၈ရက်နှင့် ၉ရက်
တင်ဆက်ကပြမည့်အချိန်	-	ညစဉ် ၇ နာရီမှ ၁၂ နာရီအထိ
တင်ဆက်ကပြမည့်နေရာ	-	မန္တလေးမြို့၊အောင်မြေသာဇံမြို့နယ်၊ ၆၆ လမ်းရှိ အမျိုးသားဇာတ်ရုံ
ထိုင်ခုံလက်မှတ်များ	-	မန္တလေးမြို့ အမျိုးသားဇာတ်ရုံတွင် ဝယ်ယူရရှိနိုင်ပါသည်။
စုံစမ်းရန်	-	**အနုပညာဦးစီးဌာန (နေပြည်တော်) ဖုန်း-၀၆၇-၄၀၈၀၃၄၊ ၄၀၈၀၃၅၊ အမျိုးသားဇာတ်ရုံ(မန္တလေး) ဖုန်း-၀၂-၆၁၁၆၇/၆၁၁၆၈၊ ဖုန်း-၀၂-၃၆၁၂၀။**

ပျောက်ဆုံးခြင်း

ဦးခင်ဇော် (စီဒီစီ-၅၄၁၂) ကိုင်ဆောင်သော လက်မှတ်-၂၈၁၅/၀၁မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၅၇၂၄၈၂။

သမီးများအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏သမီးများဖြစ်သော မအေးအေးမွန် ၁၂/မရက(နိုင်) ၁၂၃၂၅၇နှင့်မသီရိမြင့်မွန်၁၂/လမန(နိုင်)၁၄၇၈၀၆တို့အား သမီးများအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။
ဦးသိန်းမြင့်
၁၂/မရက(နိုင်)၀၀၈၄၀၃။

အဖျက်မီးရှေ့ စဉ်တွန်းလှုံ့ မြန်ပြည်အေးချမ်းမည်

ကျန်းမာရေး အသိပညာပေးဟောပြော

ရန်ကုန် ဇန်နဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ် (၁၀၇) ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ မိဘမေတ္တာ ဓမ္မရိပ်သာကျောင်းအတွင်း ဒီဇင်ဘာ ၂၅ရက်နှင့် ၂၆ရက်က ပြုလုပ်ခဲ့သော လူငယ်ယဉ်ကျေးလိမ္မာအထူးသင်တန်း၌ ဆရာဝန် စာရေးဆရာမ ဒေါက်တာ နိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး (ဆေးတက္ကသိုလ်)က လူ့ပရမတ္ထနှင့် ကျန်းမာပျော်ရွှင်မီးအိမ်ရှင် ခေါင်းစဉ်ဖြင့် စာပေအနုပညာနှင့် ကျန်းမာရေးအသိပညာအကြောင်း ဟောပြောပို့ချခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့၌ ပေါက်ကွဲမှုတစ်ခုဖြစ်ပွား မိုင်းလာထောင်သူဟု ယူဆရသူ ဦးခေါင်းပြတ်သေဆုံး တာဝန်ရှိသူများက ပေါက်ကွဲမှုနှင့် ပတ်သက်၍ ဆက်လက် စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၃

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း အော်တိုအိတ်ချိန်းရုံးဝင်းအတွင်းရှိ ဝန်ထမ်းနေအိမ်တစ်လုံး၏ အနောက်ဘက် မီးဖိုချောင်အနီး၌ ယနေ့နံနက်ပိုင်းတွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ နံနက် ၁နာရီ မိနစ်၄၀ခန့်တွင်ကြာအင်းဆိပ်ကြီးမြို့ အမှတ်(၁) ရပ်ကွက် အော်တိုအိတ်ချိန်းရုံးဝင်း အတွင်းရှိ ဆက်သွယ်ရေး တာဝန်ခံ၏ နေအိမ်အနောက်ဘက်မီးဖိုချောင် အနီး ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း၊ပေါက်ကွဲမှုကြောင့် မီးဖိုချောင်ဝဲဘက်အခြမ်း အုတ်နံရံ၊ အမိုးသွပ် ခြောက်ချပ်၊ တံခါးမကြီးတစ်ခုနှင့် ပြတင်းပေါက်နှစ်ပေါက်တို့ ပျက်စီးခဲ့ကြောင်း၊ အဆောက်အအုံနှင့် နှစ်ပေခန့်အကွာတွင် မိုင်းလာထောင်သူဟု ယူဆရသည့် အမျိုးသားတစ်ဦး၏ ဦးခေါင်းပြတ်တစ်လုံးနှင့် ခြံစည်းရိုးအပြင်ဘက်ခြောက်ပေခန့်အကွာတွင် ယာခြေဖဝါး ပြတ်တစ်ခုတို့ကို တွေ့ရှိရကြောင်း သိရှိရသည်။

စုံစမ်းစစ်ဆေး

ပေါက်ကွဲမှုဖြစ်ပွားရာ နေရာသို့ တာဝန်ရှိသူများ ရောက်ရှိပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ဆက်လက် စုံစမ်းစစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း၊ တာဝန်ရှိသူများက အကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များအား ပြည်သူများနှင့် ပူးပေါင်း၍ထိရောက်စွာဖော်ထုတ် ဟန့်တားနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူများ အနေဖြင့်လည်း မသင်္ကာဖွယ်တွေ့ရှိပါက တာဝန်ရှိသူများထံ အမြန်ဆုံးသတင်းပေးပို့ခြင်းဖြင့်လက်တွဲ ပူးပေါင်း ဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်တော်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၃

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးသိန်းသည် ဒီဇင်ဘာ ၂၀ရက် နံနက်ပိုင်းက စစ်တွေမြို့ နယ်မြေခံတပ်ရင်းခန်းမ၌ တပ်ရင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံပြီးနောက် စစ်တွေ-ကျောက်တော် ကားလမ်းတစ်လျှောက် လမ်း/တံတားကြံ့ခိုင်မှုအခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောက်တော်မြို့နယ် ကွမ်းအုံချောင်းကျေးရွာရှိ ပီကောက်တံတား တည်ဆောက်ခြင်း လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျောက်တော်မြို့ ပြိုင်းချောင်းရေလှောင်တမံစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးသည် ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ရေလှောင်တမံအတွင်း ရေသိုလှောင်ထားမှုအခြေအနေများနှင့် ဆည်တမံကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ကြည့်ရှုစစ်ဆေး

တိုင်းမှူးသည် ဒီဇင်ဘာ ၂၁ရက်က ကျောက်တော်-မြောက်ဦးကားလမ်းရှိ တံတားကြံ့ခိုင်မှုအခြေအနေများ၊ မြောက်ဦးမြို့ ညောင်ပင်ဈေးရပ်ကွက်နှင့် ရန်ကုန်-စစ်တွေကားလမ်း လမ်းအကျယ်ချဲ့ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြောက်ဦးမြို့နယ် ရှမ်းတောင်ကျေးရွာ၌ ဆောင်းသီးနှံစိုက်ပျိုးထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဒေသခံကျေးရွာတောင်သူများနှင့် တွေ့ဆုံသည်။

ထိုမှတစ်ဆင့် မင်းပြား-မြေပုံ ကားလမ်းတစ်လျှောက် လမ်းအကျယ်ချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာ့အလင်းရောင် စာကြည့်တိုက်ဖွင့်ပွဲ ထန်းတပင်၌ကျင်းပ

ထန်းတပင် ဇန်နဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ခနဲရိ ကျေးရွာအုပ်စု အေးရွာလေးကျေးရွာ၌ ပညာ့အလင်းရောင် စာကြည့်တိုက် ဖွင့်ပွဲကို အဆိုပါစာကြည့်တိုက်၌ ဒီဇင်ဘာ ၂၆ရက်က ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဒေါ်ခင်ငြိမ်းငြိမ်း၊ ကျေးရွာ၊ ရပ်ကွက်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ဦးရဲဝင်းနိုင်တို့က ပညာ့အလင်းရောင် စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

လက်ခံယူ

ဆက်လက်၍ မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုးက အလှူငွေကျပ် ၂၀၀၀၀ နှင့် စာအုပ် စာစောင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ပေါက်ပေါက်က အလှူငွေကျပ် ၂၀၀၀၀နှင့် စာအုပ် စာစောင်များ၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမောင်မောင်သန်းက မဂ္ဂဇင်းစာအုပ်နှင့် ဂျာနယ်များ၊ ခနဲရိကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးသန်းရွှေက အလှူငွေကျပ် ၂၀၀၀၀၀၊ ရိုးဌကျေးရွာ ဆန်စက်လုပ်ငန်းရှင် ဦးသိန်းရီက ငွေကျပ် ၂၀၀၀၀၊ ထန်းတပင်မြို့ ဦးသန်းမြင့်က ငွေကျပ် ၂၀၀၀၀၊ ဆန်စက်လုပ်ငန်းရှင် ဦးရွှေက အလှူငွေကျပ် ၂၀၀၀၀၊ အဖွဲ့ဝင် ဦးရဲဝင်းနိုင်က အလှူငွေကျပ်၂၀၀၀၀ အသီးသီး လှူဒါန်းကြရာ မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ငြိမ်းငြိမ်းက လက်ခံယူခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)

သင်းလုံးကျွတ်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၃

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၏ (၃၈)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၈ရက်(စနေနေ့) နံနက် ၈နာရီခွဲတွင် မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော် (ရန်ကုန်)ရှိ သုဂတောဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် မြို့နယ်သူမြို့နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် အသက်(၇၅)နှစ်အထက် ကန်တော့ခံ သက်ကြီးပုဂ္ဂိုလ်များ၊ ၂၀၀၉-၂၀၁၀ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်သူများ၊ မဟာဘွဲ့ရရှိသူများ၊ ပါရဂူဘွဲ့ရရှိသူများ၊ နိုင်ငံတော်မှချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိထားသော အသင်းဝင်များသည် ဥက္ကဋ္ဌ ဦးမြင့်အောင် ဖုန်း-၀၉-၅၁၅၉၁၄၄၊ ၆၆၆-၃၅၂၊ ဦးမြင့်သိန်း (တက္ကသိုလ်မောင်မြင့်သိန်း)ဖုန်း-၅၀၃၈၄၁၊ ဦးမြင့်သိန်း(ထူးကြီး) ဖုန်း-၀၉-၅၁၀၃၂၁၀၊ ဦးတင်လှိုင် ဖုန်း-၆၄၅၁၇၆၊ ဦးအောင်ကြည် ဖုန်း-၇၃၀-၃၁၅၂၁၊ ဦးမြင့်စိုး ဖုန်း-၂၉၂၈၃၅၊ ဦးကျန့်ဟင်း ဖုန်း-၀၉-၅၀၆၁၃၉၇၊ ဦးခိုင်ဇော်ဝင်း ဖုန်း-၀၉-၅၁၀၃၀၁၇၊ ဦးသန်းဝေစိုး ဖုန်း-၂၀၃၂၁၉၊ ဒုတိယဗိုလ်မှူးကြီး နေမျိုးဦး ဖုန်း-၀၉-၅၁၉၀၅၃၄ နှင့် သုဂတောဓမ္မာရုံ ဖုန်း-၆၅၆၂၀၇ တို့ထံသို့ ဇန်နဝါရီ ၆ရက် နောက်ဆုံးထား ဆက်သွယ် စာရင်းပေးပို့ရန် နှိုးဆော်ထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဘလောက်ညောင်ဝိုင်းကျေးရွာ မြေသားရေလှောင်ကန် တူးဖော်ပြီးစီးမှုနှင့် ရေဝင်ရောက်မှုကို ဒီဇင်ဘာ ၁၀ရက်က အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

သွေးလှူရှင်များနေ့ အခမ်းအနား သာပေါင်းမြို့၌ကျင်းပ

သာပေါင်း ဇန်နဝါရီ ၂

(၃၄)ကြိမ်မြောက် သွေးလှူရှင်များနေ့ အခမ်းအနားနှင့် မေတ္တာရှင်သွေးလှူအသင်းမှ သွေးလှူရှင်များအား ဂုဏ်ပြုပွဲကို ဒီဇင်ဘာ ၁၄ရက် နံနက် ၉နာရီက သာပေါင်းမြို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ပြည်အေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန့်လွင်တို့က အမှာစကားပြောကြားပြီး မေတ္တာရှင်သွေးလှူအသင်းတာဝန်ခံ ဦးကျော်တိုးက အသင်း၏လုပ်ငန်းကို ရှင်းလင်းတင်ပြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် တာဝန်ရှိသူများက သွေးလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(၁၄၉)**

ဒီဇင်ဘာ ၂၇ ရက်ညက တာမွေမြို့နယ် ကျားကွက်သစ် (စံပြ) ရပ်ကွက်တွင် ရွှေမြင့်မိုရ်အငြိမ့်အဖွဲ့ တင်ဆက်ကပြရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမောင်မောင်မြင့်၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးအောင်ဇော်သန်းတို့က အဖွဲ့ခေါင်းဆောင်အား ဂုဏ်ပြုဆုငွေ ကျပ်နှစ်သိန်း ငါးသောင်း ပေးအပ်ချီးမြှင့်စဉ်။ (၁၇၁)

အထက (၃) တာမွေ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၃

အထက(၃)တာမွေ ၁၉၈၅မှ ၁၉၈၈အတွင်း အခြေခံပညာ အထက်တန်းတွင် ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူများ၏ မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၁ခုနှစ် ဇန်နဝါရီ ၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း အားမာန်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ကိုအောင်နိုင်မိုး ဖုန်း- ၀၉-၅၁၁၂၁၃၂၊ ၀၉- ၅၀၉၁၇၀၉၊ ဒေါက်တာတင်ထွဋ် ဖုန်း-၀၉-၅၁၁၉၁၈၀၊ ကိုဇော်မင်း ဖုန်း-၀၉-၈၆၂၁၃၀၉၊ ကိုထွန်းမြင့် ဖုန်း-၀၉-၅၁၄၃၂၄၉၊ ကိုကျင်ထွန်း ဖုန်း-၀၉-၅၀၃၆၇၃၇၊ ကိုပေါ်လွင်ထွန်း ဖုန်း-၀၉-၅၀၈၈၀၂၀၊ မသူသူဆန်း ဖုန်း-၀၁-၅၄၂၇၄၇၊ ၀၉-၅၀၃၇၀၃၁၊ မဝေလှဲ့အေး ဖုန်း-၀၁-၇၃၀၄၃၅၉၈၊ မနီနီဝင်း ဖုန်း-၀၉-၅၄၁၅၀၀၉၊ မဆွေမြတ်ဝင်း ဖုန်း-၀၉- ၅၁၃၆၆၃၂နှင့် ကိုဇော်ဟိန်း ဖုန်း-၀၉- ၅၀၁၉၆၃၀တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ *(မြန်မာ့အလင်း)*

ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်

မုံရွာ ဇန်နဝါရီ ၁

မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မုံရွာမြို့ အောင်ဇေယျလမ်း(ကမ်းနားလမ်းမကြီး) ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို မုံရွာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွှန့် ဒီဇင်ဘာ ၂၅ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

နွေစပါး တိုက်ရိုက်မျိုးစေ့ချ သရုပ်ပြစိုက်ပျိုးပွဲ ကျင်းပ

ထားဝယ် ဇန်နဝါရီ ၁

ထားဝယ်မြို့နယ် သပြေချောင်းကျေးရွာ ကွင်းအမှတ်(၁၀၄)၊ ဦးပိုင်အမှတ်(၆၀/၂) တောင်သူဒေါ်အေးအေးအောင်၏ လယ်နှစ်ဧကတွင် ဒီဇင်ဘာ ၁၂ရက်က နွေစပါး တိုက်ရိုက်မျိုးစေ့ချသရုပ်ပြပွဲကို ကျင်းပရာ**(ယာပုံ)** မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တိုင်းမန်နေဂျာ ဦးမြင့်စိုး၊ ဆည်မြောင်းဦးစီးဌာန တိုင်းဦးစီးမှူး ဦးခင်စိုး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးတင်ဝင်းနှင့် ခရိုင်စိုက်တိုးမြှင့်အဖွဲ့၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် မြို့နယ်စိုက်တိုးမြှင့်အဖွဲ့၊ နွေစပါးစိုက်တောင်သူ ၅၀ တက်ရောက်ကြည့်ရှုကြပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာ ဦးကျော်လုက တိုက်ရိုက်မျိုးစေ့ချ စိုက်ခင်းတွင် စပါးပိုးသတ်ဆေး တွဲဖက်သုံးစွဲခြင်းဖြင့် စပါးပန်းတိုင် အထွက်နှုန်းရရှိရေး နည်းပညာပေး ဆွေးနွေးပြသခဲ့သည်။

စိုက်ပျိုးလျက်ရှိ

ထားဝယ်မြို့နယ်အနေဖြင့် နွေစပါးဧက ၁၅၀၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ၁၃၅၈ဧက ထွန်ယက်စိုက်ပျိုးထားရှိပြီး ကျန်ဧကများ ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လယ်ယာစပါး ပြည်အားထား တားဆီး ကာကွယ် မီးရန်စွယ်

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ၊ ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းသည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်

နေပြည်တော် ဇန်နဝါရီ ၄

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဆရာတော်ကြီးများ၊ ဂန္ထဓုရ ပရိယတ္တိဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရ ပဋိပတ္တိဝန်ဆောင်ကမ္မဋ္ဌာန်းနည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကနှင့် ပြည်တွင်းပြည်ပ သာသနာပြုပုဂ္ဂိုလ်များ၊ ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်းအပ်နှင်းလိုက်သည့် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၁)ကိုလည်းကောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များအပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၁)ကိုလည်းကောင်း၊ မြန်မာနိုင်ငံစစ်မှုထမ်း သင်္ဂဟတံဆိပ်ချီးမြှင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၁)ကိုလည်းကောင်း၊ စစ်မှုထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၁၁)ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၁)ကိုလည်းကောင်း၊ ရဲမှုထမ်းကောင်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၁၁)ကိုလည်းကောင်း၊ နိုင်ငံတော်ရဲမှုထမ်းတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၁၁)ကိုလည်းကောင်း၊ ပြည်သူ့ဝန်ထမ်းတံဆိပ်နှင့် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးတံဆိပ်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၁၁)ကိုလည်းကောင်း ၂၀၁၁ခုနှစ် ဇန်နဝါရီ ၄ ရက် (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ **(ယနေ့)**တွင် ထုတ်ပြန်ကြော်ငြာလိုက်သည်။ **(သတင်းစဉ်)**

ရောင်စုံအထူးထုတ် အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် လွတ်လပ်ရေးနေ့ ရောင်စုံအထူးထုတ် အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း (၆၃)နှစ်မြောက် လွတ်လပ်ရေးနေ့ဂုဏ်ပြု

❖ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်လာသော အခြေခံအဆောက်အအုံများ ပြန့်ပြားရေးနှင့် ဆက်သွယ်ရေးကဏ္ဍ — သတင်း-ဓာတ်ပုံ စာ-၈၊ ၉

❖ ခေတ်ဟောင်းချုန်ရစ်၊ ခေတ်သစ်ကိုချီ၊ ၂၀၁၁ - မော်ကွန်းသစ်တည်၊ သမိုင်းကြောင်း ပြောင်းလဲနိုင်ခဲ့ပြီ — ရန်ကြီးအောင်၏ ဆောင်းပါး အထူးထုတ် - ဃ၊ ခ၊ ဂ

❖ ဘိုးဘွားအမွေ ခိုင်မြဲစေ — မြင်းမူမောင်နိုင်မိုး၏ ကဗျာ အထူးထုတ် - ဂ

❖ စည်းကမ်းရှိဖို့လိုသည် — ကျော်သူဟိန်း၏ ကာတွန်း စာ-၇